AlmightyAlmighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

ဘာသာပြန်သူ - ညီညီစိုး

Book.32(586-603) ဒီတစ်အုပ်မှာ ၁၈ ပိုင်းထည့်ပေးလိုက်ပါတယ်နော်

.586

.587

.588

.589

.590

.591

.592

.593

.594

.595

.596

.597

.598

.599

.600

.601

.602

.603

...၅၈၆

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၈၆ – ငါ့ကိုလွတ်လပ်ခွင့်ပြန်ပေးပါ

ထိုအခိုက်အတန့်တွင်

တာအိုဝတ်ရုံဝတ်အဘိုးအိုက အပြင်မှ

ကမန်းကတန်းပြေးဝင်လာပြီး ယန်ယဲ့

ကိုတွေ့လိုက်သောအခါ ဝမ်းသာသွားသည်။

သူက "သူတော်စင် လဲ့ယွန်၊ အခု

မင်းအောင်မြင်ပြီးပြီ ၊ မင်း ငါ့ရဲ့တံဆိပ်ကို

ဖြုတ်ပြီး ငါ့လွှတ်လပ်ခွင့်ကို ငါ့ဆီ
ပြန်ပေးသင့်တယ် မဟုတ်လား "

သူတော်စင် လဲ့ယွန် ? ယန်ယဲ့ သည် အနည်းငယ်
အံ့အားသင့်သွား၏။ အဘိုးအိုက သူ့ကို
သူတော်စင် လဲ့ယွန် အဖြစ် ယူဆနေကြောင်း
သိလိုက်ရသည်။

ဤအချက်ကို တွေးလိုက်သောအခါ ယန်ယဲ့
၏ပါးစပ်ထောင့်တွင် အပြုံးတစ်ခု
ပေါ်လာသည်။

ယန်ယဲ့ သည် သူ့မျက်လုံးများကို
ဖြည်းညှင်းစွာမှိတ်ထားပြီး လက်နှစ်ဖက်ကို
နောက်သို့ပစ်လိုက်ကာအေးစက်စက်အသံဖြင့်
ပြောလိုက်၏။ "အဲ့ကောင်မလေး ဘယ်မှာလဲ"

အဘိုးအိုက “ငါ သူ့ကို
ကောင်းကင်ရတနာတိုက်မှာ
ခဏပိတ်ထားတယ်။ ငါတို့ထွက်သွားပြီးတဲ့အခါ
သူမကို ပြန်လွှတ်လိုက်ကြရအောင်၊ မဟုတ်ရင်
သူမက မင်းကို သံသယဖြစ်သွားနိုင်တယ်။
သူတော်စင် လဲ့ယွန်၊ ငါ့အပေါ်က တံဆိပ်ကို
အမြန်ဖယ်လိုက်ပါ။ ဒီနေရာမျိုးမှာ

နှစ်ပေါင်း(၁၀,၀၀၀) ကျော် ဒုက္ခခံပြီးပြီ။
ဆက်ပြီး
မနေနိုင်တော့ဘူး။လတ်ဆတ်တဲ့လေကို
မနမ်းရှူိက်ရတာကြာပြီ!"

ထိုစကားကိုကြားလိုက်ရသောအခါ
ယန်ယွဲ့သည် သူ့စိတ်ထဲတွင်
သက်သာရာရသွား၏။
ကံကောင်းထောက်မစွာပင် အန်နန်ကျင်း က
အဆင်ပြေနေဆဲပါ။

ယန်ယဲ့သည် ခဏလောက် လေးလေးနက်နက် စဉ်းစားဟန်ပြုပြီးမှ “ဒီခန္ဓာကိုယ်ရဲ့ မှတ်ဉာဏ်တွေနဲ့ ရောထွေးပြီး ငါ့မှတ်ဉာဏ်တွေ နည်းနည်း ပျက်စီးသွားတယ်။ ဒါကြောင့် တချို့အရာတွေကို မေ့သွားခဲ့တယ်။ မင်းအပေါ်ထားတဲ့ တံဆိပ်ကို မဖယ်ရှားခင် ငါ့ကို လုံးလုံးပြန်ကောင်းလာဖို့ မင်းဘာလို့ မစောင့်တာလဲ?"

အဘိုးအိုး၏မျက်နှာက သုန်မှုန်သွားပြီး " သူတော်စင် လဲ့ယွန်၊ မင်းက စကားကို ပြန်ပြင်ပြောဖို့ စဉ်းစားနေတာလား ?"

ယန်ယဲ့  က သက်ပြင်းချက်လိုက်ကာ "ငါ့ရဲ့
စိတ်ဝိညာဉ်အသိကို
အတတ်နိုင်ဆုံးထိန်းသိမ်းထားပေမဲ့
လုံးဝမထိန်းချုပ်နိုင်ခဲ့ဘူးဆိုတာ
မင်းနားလည်သင့်တယ်။

ငါ သူ့ခန္ဓာကိုယ်ကို အစွမသိမ်းပိုက်ခဲ့တယ်။

ဒီကလေးက ညဏ်အလင်းရခါးနှလုံးသားနဲ့
သတ်ဖြတ်ခြင်းခါးစိတ်ဆန္ဒ ကို ပိုင်ဆိုင်ထားလို့
ငါ့ရဲ့စိတ်ဝိညာဉ်အသိ တောင်
ဖိနှိပ်ခံလိုက်ရသေးတယ်။

အဲဒါက ငါ့ရဲ့မှတ်ဉာဏ်အပိုင်းအချို့ကို
ပျောက်ဆုံးသွားစေခဲ့တာ။
တစ်ခုရှိတယ်လေ။ မင်းက
မစောင့်ချင်ဘူးဆိုရင် မင်းဆီမှာရှိတဲ့ တံဆိပ်ကို
ဘယ်လိုဖြုတ်ရမယ်ဆိုတာ
ငါ့ကိုပြောပြနိုင်ပါတယ်။"

အဘိုးအိုက ယန်ယဲ့ ကို သံသယဖြင့်
စိုက်ကြည့်ကာ "ဟူး......။ မင်း ..... မင်းရဲ့
မှတ်ဉာဏ်နဲ့ပတ်သက်ပြီး ပြဿနာရှိနေတာ
အမှန်ပဲ"ဟု ပြောလိုက်ပါသည်။

ယန်ယဲ့ က မျက်လုံးဖွင့်ကာ ဘာမှမထူးခြားဟန်ဖြင့်အဘိုးအို ကို စိုက်ကြည့်ရင်း “မင်းငါ့ကို မယုံရင် ကောင်းတယ်။ ငါ့ကို မပြောပြချင်ဘူးဆိုရင် ဒီတံဆိပ်ကို ဖယ်ရှားဖို့ ငါ လုံးဝပြန်ကောင်းလာတဲ့အထိ စောင့်နိုင်တယ်။" ယန်ယဲ့သည် ထိုစကားကို ပြောရင်း တံခါးဆီသို့ ဖြည်းညှင်းစွာ လျှောက်သွားလိုက်သည်။

အမှန်စင်စစ် အဘိုးအိုက သိုင်းကေရာဇ် တစ်ဦး ဖြစ်နေသောကြောင့် သူ့စိတ်ထဲတွင် အလွန်စိုးရိမ်နေမိသည်။

အဘိုးအို သာ သူ့ကို သံသယရှိနေလျှင် သေချာပေါက် သေဆုံးသွားမည်ဖြစ်သည်။

သူသည် ကျင့်ကြံမှုအဆင့်ကို ကျော်လွန်ပြီး ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များကို သတ်နိုင်သော်ငြား ချီးမြှောက်ခြင်းနယ်ပယ် ခွန်အားဖြင့် သိုင်းကေရာဇ် တစ်ဦးကို သတ်ပစ်ရန် လုံးဝမဖြစ်နိုင်ပေ။

ချိုးမြောက်ခြင်းနယ်ပယ် နှင့် သိုင်းကေရာဇ်

အဆင့်ကြားမှ ကွာဟချက်က

မည်သည့်အရာနှင့်မှအစားထိုး၍မရပါ။

သူတော်စင် လဲ့ယွန်

လှည့်ထွက်သွားသည်ကိုမြင်သောအခါ

အဘိုးအိုက အံကြိတ်၍ သံသယစိတ်များကို

ဖြေဖျောက်ကာ "သူတော်စင် လဲ့ယွန်၊ မင်းရဲ့

မှတ်ဉာဏ်တွေမပါတဲ့

မင်းရဲ့ဝိညာဉ်ချုပ်နှောင်ခြင်းနည်းစနစ် ကို

အသုံးပြုခဲ့တယ် ။

ငါ့ရဲ့အသိစိတ်ဝိညာဉ်အပေါ်ထိန်းချုပ်ထားဖို့။

မင်းရဲ့ ဝိညာဉ်ကြိုးကို ပြန်ယူလိုက်တာနဲ့ ငါ သဘာဝအတိုင်း လွတ်လပ်သွားပြီ။"

ဤစကားကိုကြားသောအခါ ယန်ယဲ့ ၏နှလုံးသားက တုန်လှုပ်သွားပြီး မျက်လုံးကိုမှိတ်ကာ စိတ်လှုပ်ရှားမှုကိုထိန်းချုပ်လိုက်ပါသည်။

အဘိုးအို ၏စိတ်အာရုံအသိထဲကို ဝင်လိုက်သောအခါ အစိမ်းရောင် ကြိုးမျှင်တစ်ချောင်း ပေါ်လာသည်။

အဘိုးအို၏ ခန္ဓာကိုယ်ထဲ၌
ထိုဝိညာဉ်ကြီးရှိနေသည်ကို အမှန်တကယ်
ခံစားသိရှိနိုင်သော ကြောင့်ဖြစ်သည်။

သိပ်မကြာခင်မှာပဲ ယန်ယဲ့ က တစ်စုံတစ်ခုကို
နားလည်လာ၏။

သူသည် သူတော်စင် လဲ့ယွန် ၏ဝိညာဉ်ကို
ဝါးမြိုလိုက်သဖြင့် သူတော်စင် လဲ့ယွန်
ဖြစ်နေလေသည်။

မိန်းမငယ်လေးက သူတော်စင် လဲ့ယွန်
၏မှတ်ဉာဏ်များကို ဖျက်ဆီးပစ်သည့်အတွက်
ယန်ယဲ့ က သူ့ကိုယ်သူ ထိန်းချုပ်နေနိုင်ခြင်းပင်။

ထို့ကြောင့် ယန်ယဲ့ သည် အဘိုးအို၏
ခန္ဓာကိုယ်ထဲရှိ ဝိညာဉ်ကြီးကို အာရုံခံနိုင်ပြီး
၎င်းကိုပင် ထိန်းချုပ်နိုင်ခဲ့သည်။
မှတ်ဉာဏ်မရှိသည့် ဝိညာဉ်ကြီးမျှင်က သူ့ကို
သူတော်စင် လဲ့ယွန် ဖြစ်လာစေ၏။

ယန်ယဲ့သည် နောက်ကို လှည့်၍ အဘိုးအို ကို
စိုက်ကြည့်ပြီးနောက် နှုတ်ခမ်းထောင့်တွင်
အပြုံးတစ်စဖြစ်ပေါ်လာကာ
စိတ်ဝိညာဉ်အသိကို ထုတ်လွှတ်လိုက်သည်။

“အား!!!” အဘိုးအို ၏ခန္ဓာကိုယ်က ပြင်းထန်စွာတုန်ခါသွားပြီး ရုတ်တရက် သူ့ခေါင်းကို ဆုပ်ကိုင်လိုက်ရင်း ရှိုက်ကြီးတငင် အော်ဟစ်သံ ထွက်ပေါ်လာသည်။

၅၈၇

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၈၇ – ကမ္ဘာ့ပေါ်တယ် ကို ရယူခြင်း

၁၅ မိနစ်အကြာတွင် အဘိုးအိုက မြေပြင်ပေါ်သို့ လဲကျသွားပြီး ယန်ယဲ့ အား နာကြည်းစွာ စိုက်ကြည့်ရင်း သူ့မျက်နှာမှာ နာကျင်မှုများ ဖုံးလွှမ်းသွားသည်။ "သူတော်စင် လဲ့ယွန်၊ မင်းက လူယုတ်မာပဲ။ မင်းငါ့ကို နှစ် (၁၀,၀၀၀) ကျော် ကျွန်ခံထားပေမယ့် ငါ့ကို လွှတ်မပေးခဲ့ဘူး။ လွန်ခဲ့တဲ့ နှစ်ပေါင်း (၁၀,၀၀၀)တည်းက မင်းရဲ့ဝိညာဉ်ကို တိုင်တည်ပြီး ကျိန်ဆိုခဲ့တယ်။ ကောင်းကင်ဘုံတာအိုက မင်းရဲ့ဝိညာဉ်ကို ချေမှုန်းပစ်မှာ မကြောက်ဘူးလား။"

ယန်ယွဲ့ က ခေါင်းခါလိုက်ပြီး "သူက ကောင်းကင်ဘုံတာအို ရဲ့ဖျက်ဆီးခြင်းကို ခံလိုက်ရပြီ!"

အဘိုးအို ဓါခန္ဓာကိုယ်က ဂျစကားကြောင့် ရုတ်ချည်းပင် တောင့်တင်းသွားပြီး ယန်ယွဲ့ ကို အံ့သြစွာ စိုက်ကြည့်နေသည်။ "မင်းက... မင်း သူတော်စင် လဲ့ယွန် မဟုတ်ဘူး။ မင်းက... ဓားသမား ယန်ယွဲ့ ပဲ။"

"အရာအားလုံးက အဆင်ပြေပြေနဲ့ ပြီးဆုံးသွားပြီ။"

ယန်ယဲ့ က ပြုံးလိုက်သည်။ "ဒါက တကယ်ကို အံ့သြစရာပဲ မဟုတ်လား"

“ဘယ်လိုဖြစ်နိုင်မှာလဲ….” အဘိုးအိုက ယန်ယဲ့ကို မယုံကြည်နိုင်စွာ စိုက်ကြည့်ကာ “ဒါက ဘယ်လိုဖြစ်နိုင်မလဲ။ သူတော်စင် လဲ့ယွန် က ဘယ်လိုနည်းနဲ့ ကျရှုံးနိုင်မှာလဲ။ မင်းက ချီးမြှောက်ခြင်းနယ်ပယ် ဓားသမားတစ်ယောက်ပဲလေ။ ဘယ်လိုဖြစ်ပြီး သူတော်စင် လဲ့ယွန် ကို ဘယ်လို ခုခံနိုင်မှာလဲ"

ယန်ယဲ့ ၏မျက်နှာက အေးစက်သွားပြီး " ဒါက မင်းအခု အာရုံစိုက်နေရမယ့် ကိစ္စမဟုတ်ဘူး။ မင်းကိုယ်မင်းပဲ ဂရုစိုက်သင့်တယ်။ ငါ မင်းကို မေးခွန်းတစ်ခုတည်း မေးဖို့ ရည်ရွယ်ထားတယ်။

အသက်ရှင်ချင်သလား၊ သေချင်လား။

မင်းသေချင်ရင် ငါမင်းရဲ့ဆန္ဒကို အခုချက်ချင်းဖြည့်ဆည်းပြီး မင်းရဲ့ဝိညာဉ်ကို ဖျက်ဆီးပစ်မယ်။ မင်းအသက်ရှင်ချင်ရင် မင်းအသက်ရှင်ချင်တဲ့သူတစ်ယောက်ရဲ့ အသိဉာဏ်ရှိရမယ်။ ငါဆိုလိုတာကို မင်းနားလည်သင့်တယ်!"

"မင်းလည်း ငါ့ကို ကျွန်ခံချင်နေတာဘဲ!"
အဘိုးအိုက အကူအညီမဲ့စွာ ရယ်မောပြီး
“နှစ်ပေါင်း(၁၀,၀၀၀) ကျော်ခဲ့ပြီ။
နေ့အလင်းရောင်ကို မမြင်နိုင်ဘဲ ဒီမှာ
ကျွန်ခံခဲ့တာ နှစ်ပေါင်း (၁၀,၀၀၀) ကျော်ပြီ။
ဟားဟား! အခု ငါ နောက်တစ်ခါ ပြန်ပြီး
ကျွန်ခံရဦးမယ်။ကောင်းကင်ဘုံ! မင်းက
ဘယ်လောက် မတရားလိုက်သလဲ!"

ယန်ယဲ့ က "ဒါဆို မင်းသေချင်နေပြီလား"

အဘိုးအိုက ယန်ယဲ့ အား မကျေမနပ်ဖြင့် စိုက်ကြည့်ကာ “ငါပြောမယ်။ ဒါပေမဲ့ ငါမင်းကို ပြောပြချင်တာက မင်းနဲ့ ဒီကောင်မလေးကို ငါနဲ့အတူသေခိုင်းလိုက်မယ်။ မင်းအခုဘယ်ရောက်နေလဲသိလား။ မင်းက အခု ငါ့ခန္ဓာကိုယ်ထဲမှာ ရှိနေတယ်...။ နားလည်ရဲ့လား? ဟားဟား!!"

"မင်းဟာ ကမ္ဘာ့ပေါ်တယ် ပဲ။ မဟုတ်ဘူး၊ မင်းက သူ့ရဲ့လက်နက် ဝိညာဉ်ပဲ!" ယန်ယဲ့ ၏ အမူအရာ က ချက်ချင်းပင် ပြောင်းသွားသည်။

ဤအဘိုးအိုက အမှန်တကယ်ပင် ကမ္ဘာ့ပေါ်တွင်တယ်
၏လက်နက်ကိုညာဥ်ဖြစ်လိမ့်မည်ဟု သူ မထင်ထားခဲ့ပေ။

"အံ့ဩစရာပဲမဟုတ်လား" အဘိုးအိုက အနည်းငယ် ရှုံးသွပ်သော လေသံဖြင့် ပြောလိုက်သည်။ "မင်းက သူတော်စင် လဲ့ယွန် ဆိုရင် ငါ့ကိုယ်ငါ ပေါက်ကွဲရင်တောင် မင်း ငါ့ကို ကြောက်နေစရာ မလိုပါဘူး။ ဒါပေမယ့် မင်းက သူ မဟုတ်ဘူး။ ဒီတော့ ငါ့ကိုယ်ငါ ဖောက်ခွဲလိုက်တာနဲ့ ဒီကမ္ဘာကြီးထဲမှာ

အရာအားလုံးဟာ တည်ရှိနေတော့မှာဘဲ၊ မင်းနဲ့
ဒီကလေးမလေး သေသွားလိမ့်မယ်။
ဟားဟား!!!"

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး "
သူတော်စင်လဲ့ယွန် ဘာကြောင့် ကျရှုံးခဲ့တာလဲ
သိလား "

အဘိုးအို၏ မျက်ခွံများ လှုပ်ယမ်းကာ
“ဘာကြောင့်လဲ” ဟု မေးလာသည်။
အမှန်တကယ်တော့ သူ့စိတ်ထဲ၌ အလွန်ပင်
အံ့အားသင့်နေခဲ့၏။

သူတော်စင် လဲ့ယွန် က

သူတော်စင်တစ်ပါးဖြစ်ရာ ယန်ယဲ့ ၏လက်ထဲ၌

မည်ကဲ့သို့ ကျရှုံးသွားပါသနည်း?

သိသာစွာပင် ဤလူငယ်က သေချာပေါက်

မရိုးရှင်းနိုင်ပေ။

ယန်ယဲ့ က အပြုံးနှင့် စကားစလိုက်သည်။

“ဒါက ငါ့ရဲ့လျှို့ဝှက်ချက်ပဲ။ မင်း ကိုယ့်ကိုကိုယ်

ဖောက်ခွဲမိရင်တောင် ငါကိုယ်ငါ

ကာကွယ်နိုင်တယ်ဆိုတာကို

ပြောပြချင်ပါတယ်။ မင်းလည်း

သေချင်ပုံမပေါ်ဘူး။ ဒါဆို ငါတို့ဘာလို့
ဝိညာဉ်စာချုပ်မချုပ်တာလဲ။ မင်းက ငါ့အနားမှာ
အနှစ် ၂၀ လောက်နေပြီး ငါ့အမိန့်တိုင်းကို
နာခံရမယ်။ အဲဒီ့နောက်မှာ မင်းကို
ငါလွှတ်ပေးမယ်။ ဘယ်လိုထင်လဲ?"

"နှစ် ၂၀ ?" အဘိုးအိုက အနည်းငယ်
သွေးဆောင်ခံရသော်လည်း သူက “ဘာလို့
ယုံရမှာလဲ?"

ယန်ယဲ့ က ပုခုံးတွန့်ပြီးပြောလိုက်သည်။
"မင်းက နှစ်ပေါင်း (၁၀,၀၀၀)ကျော်တောင်

ဒုက္ခခံပြီးပြီဆိုတော့ နောက်ထပ် နှစ် ၂၀ လောက်ကို ဂရုစိုက်မှာလား။ အနှစ် ၂၀ ဆိုတာက မင်းအတွက် ခဏလေးပဲ မဟုတ်လား။

ဒါ့အပြင် ငါက တိုက်ကြီး ရဲ့စားအင်ပါယာ ဖြစ်နေလို့ မင်း ယုံကြည်လို့ရတယ်။

သေချာတယ်။ မင်း ငါ့ကိုမယုံဘူး ဒါမှမဟုတ် အနှစ် ၂၀ စောင့်ချင်စိတ်မရှိရင် ငါပြောစရာမရှိတော့ဘူး။ ရှေ့ဆက်ပြီး မင်းကိုယ်မင်း ဖောက်ခွဲလိုက်ပါ။ ငါ မင်းကို တားမှာ မဟုတ်ဘူးဆိုတာ သေချာတယ်"

ယန်ယဲ့ ၏ အလွန်ယုံကြည်မှုရှိသော အသွင်အပြင်ကို စိုက်ကြည့်ရင်း အဘိုးအို၏ ပါးစပ်ထောင့်များ တုန်လှုပ်သွားသည်။

"ဒီလူက တကယ်ကို ကြောက်စရာမရှိတာလား ဒါမှမဟုတ် သူက ဟန်ဆောင်နေတာလား?"

ယန်ယဲ့ ဆက်ပြောသည် ။ “မင်းအတွက် လက်နက်စွမ်းအားကို ကျင့်ကြံဖို့ဆိုတာ မလွယ်ဘူးလို့ ငါထင်ပယ်။ ဒီလိုမျိုး ကိုယ့်ကိုယ်ကို ဖောက်ခွဲဖို့ တကယ် ဆန္ဒရှိမှာလား။ အနှစ် ၂၀ လောက်ပဲ ငါ့စကားကို နာခံဖို့ပဲ လိုတယ်၊ အဲဒီနောက် မင်း

လွှတ်လပ်သွားလိမ့်မယ်။ အနှစ် ၂၀ က မင်းအတွက် လုံး၀ မရှည်ပါဘူး။ ဒါဆို မင်းက ဘာပဲဖြစ်ဖြစ် ဒီအလောင်းအစားကို ယူသင့်တယ်မဟုတ်လား”

"ဒါက အနှစ် ၂၀ ပဲ ရှိတော့မှာလား။" အဘိုးအိုက အသံတိုးတိုးဖြင့် ပြောသည်။

ယန်ယဲ့ က ခေါင်းညိတ်ပြီး "လုံး၀ကို အနှစ် ၂၀ တည်းပဲ!"

"ကောင်းပြီ၊ ငါ မင်းနဲ့အတူ အနှစ် ၂၀ လောက် လိုက်မယ်။ အဲဒီကာလမှာ မင်းအမိန့်ကို နာခံမယ်!" အဘိုးအိုက ဆုံးဖြတ်လိုက်သည်။ ယန်ယဲ့ ပြောခဲ့သလိုပင်၊ သူသည် လက်နက်ဝိညာဉ်တစ်ခု ဖန်တီးရန် နှစ်ပေါင်းများစွာ ကျင့်ကြံခဲ့ရ၏။

အကယ်၍ သူ့တွင် ရွေးချယ်မှုနှင့် မျှော်လင့်ချက်များရှိခဲ့လျှင် သူ့ကိုယ်သူ ဖောက်ခွဲပစ်ချင်မည်မဟုတ်ပေ။ ထို့အပြင်၊ သူသည် နှစ်ပေါင်း (၁၀,၀၀၀)ကျော်တိုင်

ချုပ်နှောင်ခံလာရပြီးနောက် ယခုအချိန်တွင် နှစ်ပေါင်း ၂၀ လောက်သာ ချုပ်နှောင်ထားခံရမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ၎င်းသည် သူ့အတွက် တစ်ရေးတစ်မောအိပ်စက်ချိန်မျှသာဖြစ်သည် ဟု ခံစားမိသည်။

အဘိုးအို ၏စကားကို ကြားသောအခါ ယန်ယဲ့ က ပြုံးလိုက်ပါသည်။

.......

ခဏအကြာတွင်တော့.....။

ယန်ယဲ့ သည် အဘိုးအို နှင့်အတူ ကောင်းကင်ရတနာတိုက်ဟုခေါ်သော အဆောက်အဦး ရှေ့သို့ ရောက်ရှိလာသည်။

အဘိုးအိုသည် သူ၏ညာလက်ကို ဝှေ့ယမ်းပြီး အဆောက်အဦး ပတ်ပတ်လည်မှ အစီအရင်များကို ဖယ်ရှားလိုက်သည်။

အဘိုးအိုက “သူမရဲ့ဘိုးဘေးက သိုင်းကျောဇ် တစ်ဦးလေ။ အဲဒါက သူတော်စင် လှဲ့ယွန် ကို ကြီးမားတဲ့ ခြိမ်းခြောက်မှုဖြစ်နိုင်လို့ ငါ သူမကို ထိခိုက်စေလိုတဲ့ ရည်ရွယ်ချက် မရှိပါဘူး။ ငါ သူမကို ဒီမှာပဲ ထောင်ချောက်ဆင်ထားဖို့

ရည်ရွယ်ပြီး ငါထွက်လာတုန်း သူမကို လွှတ်ပေးလိုက်တာ။"

၅၈၈

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၈၈ – နင်ချစ်ရတဲ့သူ ကို ထည့်ပြီးစဉ်းစားပေးဖူးလား

ယန်ယဲ့ က ခေါင်းညိတ်ပြပြီး ခန်းမထဲကို လျှောက်သွားလိုက်၏။

သို့သော် ရုတ်တရက်ဆိုသလို လူတစ်ဦးက ရှေ့ပြေးထွက်လာပြီး သူ့ဗိုက်ကို လက်သီးဖြင့် ထိုးချလိုက်ရာ ခုခံချိန်ပင် မရဘဲ ယန်ယဲ့ ခန္ဓာကိုယ်က လွင့်ပျံသွားလေသည်။

အဘိုးအိုက တိုက်ခိုက်လိုက်သူမှာ အန်နန်ကျင်း ဖြစ်ကြောင်း သိလိုက်သော်လည်း လုံးဝသတိမထားမိသည့်အလား မျက်လုံးကိုသာ မှိတ်ထားလိုက်၏။

ယန်ယဲ့ က မတ်တပ်ထရပ်ပြီး အနည်းငယ် အေးစက်စက်အမူအရာများရှိနေသည့် အန်နန်ကျင်းကို စိုက်ကြည့်ကာ "နန်ကျင်း၊ မင်းခေါင်းမှာ တစ်ခုခုမှားနေပြီလား။"

အန်နန်ကျင်း က သူ့ဆီသို့ လျှောက်လာသည်ကို မြင်သောအခါ ယန်ယဲ့ ၏ ပါးစပ်ထောင့်များ တုန်လှုပ်သွားပြီး "မင်း ဒီလိုကမောက်ကမတွေ ဆက်လုပ်နေရင် ငါပြန်တိုက်မယ်" ဟု ပြောလိုက်လေသည်။

သူ့ခန္ဓာကိုယ်က သန်မာသော်လည်း အန်နန်ကျင်း ၏လက်သီးချက်ကို မခုခံနိုင်ခဲ့ပေ။

အန်နန်ကျင်း က ယန်ယဲ့ ရှေ့ကို ရောက်လာပြီးနောက် မေးလေသည်။ "နင်က ယန်ယဲ့ ရှိသေးလား"

သူမသည်လည်း သူတော်စင် လဲ့ယွန် ၏ အကြံအစည်ကို ခန့်မှန်းနိုင်ခဲ့သည်။

ယန်ယဲ့က သူတော်စင် လဲ့ယွန် (သို့) ယန်ယဲ့ ဖြစ်နေမည်ကို မခန့်မှန်းနိုင်သောကြောင့် အရင်ဦးအောင် တိုက်ခိုက်လိုက်ခြင်းပါ။

"သူက ငါ့ခန္ဓာကိုယ်ကို သိမ်းပိုက်ဖို့ ကျရှုံးခဲ့တယ်။ ဒါကြောင့် ငါက သဘာဝကျကျနဲ့...။"

ယန်ယွဲ့ ၏စကားပင် မဆုံးသေး၊ အန်နန်ကျင်း က ရှေ့တိုးလာပြီး လက်သီးဖြင့် ထပ်၍ထိုးလိုက်ရာ မီတာ ၅၀ ကျော်ထိ နောက်တစ်ကြိမ် လွင့်ထွက်သွားပြန်သည်။

ယန်ယွဲ့ သည် မြေပြင်မှ ကုန်းရုန်းထလာပြီး သူမကို စိုက်ကြည့်ကာ "နန်ကျင်း၊ ငါက ယန်ယွဲ့ လို့ မင်းကို ပြောထားတယ်။ ငါတကယ် ယန်ယွဲ့

ပါ။ ငါ သူတော်စင် လဲ့ယွန် မဟုတ်ဘူး။
သေချာကြည့်!”

"ငါသိပါတယ် နင်က ယန်ယဲ့ " အန်နန်ကျင်း က
ယန်ယဲ့ ဆီသို့ လျှောက်လာရင်း
စကားပြောလိုက်သည်။

ယန်ယဲ့ က အံ့အားသင့်သွားပြီးနောက်
ဒေါသတကြီးနှင့်ပြောလိုက်၏။ "နန်ကျင်း! ငါက
ယန်ယဲ့ ဆိုတာ မင်းသိနေသေးတာပဲ၊
မင်းခေါင်းထဲမှာ တစ်ခုခုမှားနေပြီလား။"

"နင် အရိုက်ခံရဖို့ ထိုက်တန်တယ်!"
အမ်နန်ကျင်းက ခပ်တိုတိုပြောလိုက်သည်။

"နန်ကျင်း၊ ငါ မင်းကို ဘယ်တုန်းကမှ
မစော်ကားခဲ့ဘူး ....ဟုတ်တယ်မလား"
ထိုစကား ပြောရင်း ယန်ယဲ့ ၏မျက်နှာက
တုန်လှုပ်သွားခဲ့သည်။
"ဟော့၊ ဒီကိုမလာနဲ့။ မင်း ထပ်တိုက်ခိုက်ရင် ငါ
တောင့်ခံနိုင်မှာ မဟုတ်ဘူး။"

အန်နန်ကျင်း က ယန်ယဲ့ ဆီသို့
လျှောက်သွားကာ သူ့ကို

စူးစူးစိုက်စိုက်ကြည့်ရင်း " နင် သူတော်စင်

လဲ့ယွန် ရဲ့မကောင်းကြံစည်ထားတဲ့

အမွေအနှစ်ကိုဆက်ခံဖို့ ငါ့ကိုယ်စား

ဝင်ခံလိုက်တာ

ငါသိတယ်။ဘာကြောင့်လဲဆိုတော့ နင်က နင့်ရဲ့

စွမ်းရည်ကို ယုံကြည်နေလို့လေ။

ဒါ့အပြင် နင်ငါ့ကို

အန္တရာယ်မဖြစ်စေချင်ဘူးဆိုတာ ငါသိတယ်။

ငါဒါတွေအားလုံးကိုနားလည်ပါတယ်!"

ယန်ယဲ့ သည် သူမကို မကျေမနပ်
စိုက်ကြည့်ကာ "မင်းသိသေးတာတောင် ငါ့ကို
ရိုက်နေတုန်းပဲ။ မင်းဘယ်လို?"

အန်နန်ကျင်း က ရှေ့သို့
ခြေလှမ်းနှစ်လှမ်းတိုးလာပြီး
မလှုပ်မယှက်သောအမူအရာဖြင့် ယန်ယဲ့
ကိုကြည့်ကာ "တကယ်လို့ သူတော်စင် လဲ့ယွန်
သာ နင့်ရဲ့ခန္ဓာကိုယ်ကို တကယ်ယူသွားရင်
နင်ချစ်ရတဲ့သူ ဘာလုပ်မယ်ဆိုတာ
နင်စဉ်းစားပြီးပြီလား။ ငါအန်နန်ကျင်း
ဘာလုပ်မယ်ဆိုတာ နင် တွေးမိလား?"

ဤစကားကြောင့် ယန်ယဲ့ သည် မည်သို့ပြန်ပြောရမှန်းပင်မသိတော့ပေ။

"နင်ငါ့ကိုကာကွယ်ဖို့ နင့်ကိုယ်နင်ထပ်ပြီးစတေးရဲရင် ငါနင့်ကိုသတ်ပစ်မယ်။ ပြီးရင် ငါ့ကိုယ်ငါလည်းသတ်သေမယ်။" အန်နန်ကျင်း က ယန်ယဲ့ ကို မျက်လုံးချင်း တည့်တည့်စိုက်ကြည့်ကာ သူမ၏ မျက်နှာပေါ်တွင် လေးနက်သော အမူအရာဖြင့် ပြောလိုက်သည်။

ယန်ယဲ့ က "နန်ကျင်း၊ ငါက ယုံကြည်မှုရှိလို့သာ လုပ်ခဲ့တာပါ။ ငါ့မှာ လျှို့ဝှက်ချက်တချို့ရှိတယ်ဆိုတာ မင်းတောင်သိတယ်၊ အဲဒီလျှို့ဝှက်ချက်တွေက ငါ့ကို သူတော်စင် လဲ့ယွန် နဲ့ရင်ဆိုင်ဖို့ ယုံကြည်မှုရှိစေတယ်။ ဒါပေမဲ့ မင်းမှာ ဒီလိုအရာတွေ မရှိဘူး။ သူတော်စင် လဲ့ယွန် ကိုရင်ဆိုင်ရင် မင်းက သေချာပေါက် သေသွားလိမ့်မယ်။ ငါယန်ယဲ့ မင်းကို ဒီလိုမျိုးအဖြစ်မခံနိုင်ဘူး။

ဒီလိုအခြေအနေမျိုးမှာ မင်းကိုသေခြင်းကနေ ကယ်တင်ဖို့
ငါဘာမဆိုလုပ်သင့်ရင်လုပ်ရမှာပဲ။"

အန်နန်ကျင်း က မေးလိုက်သည်။
"တခြားသူဆိုရင် ဒီလိုပဲလုပ်မှာလား။"

ယန်ယဲ့ က ပြုံးပြီး " လော့ကျန်း ဖြစ်နေရင် ငါ သေချာပေါက် မလုပ်ဘူး။ "

အန်နန်ကျင်း က စကားမပြောခင် ခဏတာ တိတ်ဆိတ်သွားပြီးမှ "အဲဒီနေ့က

ရှေးဟောင်းဒိုမိန်းမြို့အပြင်ဖက်မှာ နှင်ငါ့ကို ကယ်ခဲ့တယ်၊ ဒီနေ့ နှင် ငါ့အသက်ကို ထပ်ပြီး ကယ်လိုက်ပြန်ပြီ။ နှင်က ငါ့ကို အသက်နှစ်ချောင်းပေးလိုက်တာပဲ။"

ယန်ယဲ့ က တော်တော်နှင့် စကားမပြောနိုင်။ "သူမက ဒါတွေကိုပါ ထည့်တွက်နေတာလား? နန်ကျင်း! ငါတို့နှစ်ယောက်ကြားမှာ အဲဒါကို ရှင်းရှင်းလင်းလင်း တွက်ချက်ဖို့တောင် လိုအပ်သလား။ ငါ့အသက်အန္တရာယ်ကြုံလာရင် မင်းငါ့ကို ဘယ်လိုကယ်မလဲ"

အန်နန်ကျင်း က လေးလေးနက်နက် ပြန်ပြောလိုက်၏။ "ငါသေချာပေါက် အသက်စွန့်ရရင်တောင် နင့်ကိုကယ်မယ်!"

ယန်ယဲ့ က ပြုံးပြီး "ကောင်းပြီ၊ အဲဒါကို ထားလိုက်ရအောင်။ ငါက ကမ္ဘာ့ပေါ်တယ် ကိုရထားပြီ။ အခု ငါတို့က ကမ္ဘာ့ပေါ်တယ် ထဲမှာရှိနေတယ်။ တစ်နည်းပြောရရင် ကမ္ဘာ့ပေါ်တယ် ထဲမှာ ရှိနေတဲ့ ကျင့်ကြံတွေအားလုံးက ငါတို့ရဲ့သက်ညှာမှုအောက်မှာရှိနေတယ်။

ကံဆိုးလိုက်တာ၊ ခပ်ညှံ့ညှံ့ လူသားကောရာဇ် က ကမ္ဘာ့ပေါ်တယ် ထဲကနေ ထွက်သွားပြီ။"

အန်နန်ကျင်းက မေးသည်။ "နင် ဘယ်သူ့ကိုသတ်ချင်တာလဲ"

“နတ်ဆိုးမျိုးနွယ်၊ အဲဒီနတ်ဘုရားသားရဲ့ရွှေနဂါးတွေနဲ့…. ဘယ်လိုပဲဖြစ်ဖြစ် ငါ့ရန်သူမှန်သမျှကို သတ်ပစ်ချင်တယ်!” ယန်ယဲ့ က အေးတိအေးစက်အသံဖြင့် ပြောလိုက်သည်။

အန်နန်ကျင်း က ခေါင်းခါသည်။ "နင်
ဒီလိုမလုပ်တာအကောင်းဆုံးပဲ"

"ဘာကြောင့်?" ယန်ယဲ့ က အံ့အားသင့်သွားပြီး
"ငါ့လက်ကို တစ်ချက်လှုပ်လိုက်တာနဲ့
မြေထောက်အောက်မှာ အလောင်းတွေ
စုပုံလာမှာ သေချာတယ်လေ။"

"နင်သူတို့ကိုသတ်ပြီးရင် ဘာဆက်လုပ်မှာလဲ"
အန်နန်ကျင်း က ဆက်ပြောလေသည်။
“အပြင်မှာစောင့်နေတဲ့ နတ်ဆိုးမျိုးနွယ်ရဲ့

အကြီးအကဲကို သတ်နိုင်မလား။ ဒါမှမဟုတ် နဂါးအင်ပါယာအရှင် လား။

နင်က ဒ်မှိုရှိနေတဲ့ နတ်ဆိုးမျိုးနွယ်ဝင်တွေနဲ့ ရွှေနဂါးမျိုးနွယ်ဝင်အားလုံးကို သတ်လိုက်ရင် သူတို့နှစ်ယောက်စလုံးက အရာအားလုံးကို လျစ်လျူရှုပြီး နင့်ကိုသတ်ပစ်မယ်ဆိုတာ သေချာတယ်။

နတ်မိစ္ဆာကေရာဇ် တစ်ယောက်တည်းက နင့်ကို သူတို့ရဲ့ပူးပေါင်းတပ်ဖွဲ့တွေကနေ ကယ်နိုင်မယ်လို့ ထင်လား။"

ယန်ယဲ့ လည်း အံ့သြသွားသည်။
အမှန်အတိုင်းပြောရလျှင် သူသည်
ထိုအချက်ကို လုံးဝ မတွေးမိပေ။
ယခုအချိန်တွင် အန်နန်ကျင်း
ပြောသည့်စကားကြောင့် အပြင်ဖက်၌
သိုင်းကျောင်း နှစ်ယောက်စောင့်ဆိုင်းနေ
သည်ကို သတိရသွားမိသည်။

တာအိုဝတ်စုံနှင့်အဘိုးအိုက သိုင်းကျောင်း
တစ်ယောက် ဖြစ်သည့်တိုင် အပြင်ဖက်မှ
သိုင်းကျောင်း နှစ်ယောက်
နှင့်ယှဉ်နိုင်မည်မဟုတ်ပေ။

အဘိုးအိုက အဆင့် ၃ သိုင်းကျောရာဇ် နှင့်သာ ရင်ဆိုင်နိုင်သဖြင့် အဆင့် ၉ သိုင်းကျောရာဇ် နှစ်ယောက်ကို မည်ကဲ့သို့ ခုခံနိုင်ပါမည်နည်း?

ယန်ယဲ့ သည် စိတ်ပျက်လက်ပျက် သက်ပြင်းချလိုက်ပြီး "ငါ့နှလုံးသားအလိုကျ သတ်ပစ်နိုင်မယ်လို့ ထင်ခဲ့တာ။ ငါ့လက်ကို ချုပ်နှောင်ထားမယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။”

“အကြွင်းမဲ့ ခွန်အားမရှိဘဲ
စိတ်တိုင်းကျလုပ်နိုင်သူမရှိဘူး။" အန်နန်ကျင်း
က ပြောလေသည်။

"ထားပါ။ အခု ငါတို့ ဒီကနေ
ထွက်သွားရအောင်။ ငါ့စိတ်ထင် လော့ကျန်း က
ငါ့ကို လက်ဆောင်တစ်ခုခုနဲ့
စောင့်နေမှာသေချာတယ်။

လာ.....။ သူက ငါ့ကို ဘယ်လိုမျိုးပုံစံတွေနဲ့
စောင့်ဆိုင်းနေလဲဆိုတာ ကြည့်ရအောင်။"

ယန်ယဲ့ က အန်နန်ကျင်း ၏လက်ကို ဆုပ်ကိုင်ရင်း ကောင်းကင်ရတနာတိုက်ထဲကနေ ထွက်ခွာလိုက်သည်။

၅၈၉

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၈၉ – မဟာတိုက်ပွဲကြီး

......။

ယန်ယဲ့ သည် အပြင် သို့ ထွက်လာပြီးနောက်
သူ့အား စောင့်ဆိုင်းနေသည့်
ရန်သူအုပ်လိုက်ကြီးကို မြင်တွေ့လိုက်ရသည်။

ယန်ယဲ့ သည် ပတ်ဝန်းကျင် မှ ရန်သူ
အုပ်ကြီးကို ကြည့်လိုက်ရင်း ဆက်၍
အာရုံစိုက်မနေတော့ပေ။

မလှမ်းမကမ်းမှ ရပ်စောင့်နေသည့်
နတ်ဆိုးမျိုးနွယ် ဝင် များ နှင့်

နတ်ဘုရားသားရဲ့ရွှေနဂါးမျိုးနွယ်ဝင်များကို ကြည့်၍ " ကြည့်ရတာ မင်းတို့တွေက ငါ့ကို တိုက်ခိုက်ပြီး လုယက်ချင်နေကြပုံပဲ။

ဟိုနေရာက ရွှေနဂါး။ ဟုတ်တယ်၊ ငါမင်းကိုပြောနေတာ။ မင်းရဲ့နဂါးအင်ပါယာအရှင် ပြောခဲ့တာကို မင်းမေ့သွားပြီလား။ ငါ့ကို ပြဿနာရှာဖို့ မင်းကို မပြောခဲ့ဘူးလား။

သန်မာသောလူက သူ့မျက်နှာတွင် မြင်နိုင်သည့်အမူအရာများ ရှိနေပြီး အေးစက်စက် အော်ဟစ်လေသည်။

"နဂါးအင်ပါယာအရှင် ရဲ့ညွှန်ကြားချက်တွေကို
ငါ သဘာဝကျကျ သိပါတယ်၊ ဒါကြောင့်
မင်းအသံကို ဆူညံနေစရာ မလိုပါဘူး။
မင်းရဲ့လက်ရှိအခြေအနေအတွက်
မင်းပိုစိုးရိမ်သင့်တယ်။ သိုင်းကေရာဇ် တွေ
ဝင်ပြီးတိုက်ခိုက်လို့မရရင်တောင် မင်းက
ဒီတိုက်ပွဲမှာ အသက်ရှင်နိုင်မလား?
ကြည့်ရအောင်။"

ယန်ယဲ့သည် ခေါင်းညိတ်ပြပြီး ကောင်းကင်ကို
မော့ကြည့်ကာ "ကြည့်စမ်း။ ငါနဲ့
ပြဿနာရှာနေတာက မင်းရဲ့နတ်ဘုရားသားရဲ

နဂါးကလန် ပဲ။ နောက်တစ်ချိန်ကျရင် ငါယန်ယဲ့ နဂါးတွေကို သတ်တဲ့အခါ ဘာကိုမှ ငဲ့ညှာနေမှာ မဟုတ်ဘူး။”

“မင်းမှာ အရည်အချင်းရှိရင် သူတို့ကို သတ်လိုက်လို့ရတယ်။"
ကောင်းကင်ထက်ကနေ နဂါးအင်ပါယာအရှင်၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ယန်ယဲ့ သည် အေးစက်စွာ ရယ်မောလိုက်ပြီးနောက် နတ်ဆိုးမျိုးနွယ် နှင့်

နတ်ဘုရားသားရဲမျိုးနွယ်ဝင်များကို စိုက်ကြည့်ရင်း မျက်လုံးများတွင် သတ်ဖြတ်ခြင်းအငွေ့အသက်များ တောက်ပလာသည်။

"ကောင်းပြီ ... ယန်ယဲ့။ မင်း လုံလောက်ပြီ!" တစ်ချိန်တည်းမှာပင် နှုတ်ဆိတ်နေသည့် လော့ကျန်း က "မင်းရှေ့မှာ လမ်းတစ်ကြောင်းပဲ ကျန်တော့တယ်။ကမ္ဘာ့ပေါ်တယ်ကို ငါ့လက်ထဲထည့်ပေးလိုက်။ ပြီးရင် မင်းရဲ့စိတ်ဝိညာဉ်ထဲမှာ

အမှတ်အသားတစ်ခုထည့်ခွင့်ပြုရမယ်။
ဒါဆိုရင် မင်းက ဒီနေ့
အသက်ရှင်နိုင်ဖို့အခွင့်အရေးရလိမ့်မယ်။
မဟုတ်ရင် နောက်နှစ် ဒီနေ့
မင်းသေတဲ့နှစ်ပတ်လည်နေ့ဖြစ်လိမ့်မယ်။
ငါ့ကိုယုံပါ၊ ဒီနေ့ မင်းကို ဘယ်သူမှ
မကယ်နိုင်ဘူး!"

ယန်ယဲ့ ၏အကြည့်က လော့ကျန်း
နောက်ကွယ်မှအဖွဲ့ထံ ကျဆင်းသွားပြီးနောက်
ပြုံးလိုက်သည်။ "လော့ကျန်း!
မင်းရဲ့ယုံကြည်မှုက ကိုယ့်ကိုကိုယ်မဟုတ်ဘဲ

တခြားသူတွေဆီကနေလာတာဆိုတော့
တကယ်ကို ဝမ်းနည်းစရာတာပဲ။

ကောင်းကင်ဘုံက မင်းကို လူသားဧကရာဇ် လို့
ဘာကြောင့်များ ရွေးချယ်လိုက်သလဲဆိုတာ
ငါတကယ်နားမလည်နိုင်ဘူး။ လက်ရှိ
မင်းကိုယ်မင်းလည်းပြန်ကြည့်ပါဦး။

မင်းလိုကောင်က တိုက်ကြီးတစ်ခုလုံးကို
ပေါင်းစည်းပြီးအုပ်ချုပ်ဖို့ ထိုက်တန်တယ်လို့
ထင်သလား။"

"ဘာလဲ? ယန်ယဲ့၊ မင်းဘယ်အချိန်ကတည်းက ဒီလိုစကားများတတ်သွားတာလဲ။" လော့ကျန်း က မထူးခြားသည့်လေသံနှင့် ပြန်ပြောသည်။

ယန်ယဲ့ က ပြုံးလိုက်သည်။ “မှန်ပါတယ်၊ မင်းကို ငါ့အသက်ရှုချိန်ဖြုန်းတီးဖို့က တကယ် အခိပ္ပါယ်မဲ့ပါတယ်။ အဲလိုဆိုတော့ ဆက်လုပ်ပါ။

အိုး၊ ဒါကြောင့် မင်းရဲ့လက်အောက်ငယ်သားတွေကို ငါနဲ့တစ်ပြိုင်နက် တိုက်ပွဲဝင်ဖို့ အဆက်မပြတ်ရွေးချယ်နေမှာလား ဒါမှမဟုတ်

ငါ့ကို ပိုင်းရုံထားဖို့ မင်းရွေးချယ်မှာလား။
မင်းက ငါနဲ့ တစ်ဦးချင်း တိုက်ပွဲတွေ
မဆင်နွှဲဝံ့ဘူးလို့ ငါထင်တယ် ။ ဟားဟား!"

ဒီလိုဆိုတော့.....။

ယန်ယွဲ့သည် စကားပြောနေရင်းဖြင့် ရပ်ကာ
သူ့လက်ဝါးလိမ်လိုက်ပြီးနောက်
နှင်းခဲအလင်းဓား
ကိုလျှပ်တစ်ပြက်ဆွဲထုတ်လိုက်၏။
တစ်ဆက်တည်း
ရှေးဟောင်းဓားအိမ်ကိုပါထုတ်ယူပြီး

နှင်းခဲအလင်းဓား ကို ဓားအိမ်ထဲ
ထည့်ထားလိုက်ပါသည်။

ထို့နောက် ယန်ယွဲ့ က နှင်းခဲအလင်းဓား ကို
ဆွဲထုတ်ကာ ကောင်းကင်ကို
ခုတ်ပိုင်းချလိုက်လေသည်။

တွမ်......။ ဂျိန်း......။
ကောင်းကင်ယံတွင် ဖြစ်ပေါ်နေသည့်
မိုးကြိုးတိမ်တိုက်များအားလုံး

ပျောက်ကွယ်သွားကာ အာကာသဟင်းလင်းပြင်

ပင်လျှင် ထက်ပိုင်းခွဲခံလိုက်ရလေသည်။

ဒါက ဘယ်လိုနည်းစနစ်လဲ?

ဤမြင်ကွင်းကိုမြင်လိုက်သောအခါ လော့ကျန်း

၏မျက်လုံးထဲတွင်

အံ့အားသင့်မှုများပေါ်လာသည်။

ယန်ယဲ့ ထုတ်ဖော်ခဲ့သည့် ဓားနည်းစနစ်က

မည်သည့်အဆင့်တွင် ရှိနေကြောင်း

မသိသော်ပြား ၎င်းကနေ ကြောက်မက်ဖွယ်ရာ

အဖျက်စွမ်းအားကို ချက်ချင်းပင် ခံစားမိလိုက်သည်။

တစ်ချိန်တည်းတွင် လော့ကျန်း က ထိတ်လန့်သွားကာ ရှောင်တိမ်းရန် ပြင်လိုက်၏။

သို့သော် ယန်ယဲ့ကလည်း တုန့်ဆိုင်းခြင်းမရှိ နှင်းခဲအလင်းဓား ကို ထပ်မံ၍ဆွဲထုတ်ကာ လော့ကျန်း ရှောင်တိမ်းသည့်ဖက်သို့ ခုတ်ပိုင်းချလေသည်။

ခရက်....ဘန်း!

ရုတ်တရက် နှင်းခဲအလင်းဓား က အပိုင်းပိုင်း ကွဲထွက်သွား၏။ သို့သော်လည်း ဓားအပိုင်းအစများကနေ အလွန်ပြင်းထန်သည့်အဖြူရောင် ဓားကြိုးတစ်ချောင်း ထွက်လာပြီး လော့ကျန်း ထံသို့ တည့်တည့်တိုးဝင်သွားလေသည်။

အုန်း!

လော့ကျန်း ၏ ပတ်ပတ်လည်ကို
လွှမ်းခြုံထားသည့် ရွှေရောင်အလွှာက
ချက်ချင်း ပျက်စီးသွားပြီး နောက်ကို
လွင့်ထွက်သွားခဲ့သည်။

"လူသားကောရာဇ်!" ထိုအချိန်တွင်
အရိပ်ခန်းမသခင် နှင့် အသက်ရှင်နေသေးသည့်
အခြားသူများက ထိတ်လန့်စွာ
အော်ဟစ်လိုက်ကာ ယန်ယဲ့ အား
ဝိုင်းရံတိုက်ခိုက်လိုက်ကြသည်။

ဝုစ်…

ထိုအချိန်တွင် ယန်ယဲ့ ၏ခန္ဓာကိုယ်က တဖျပ်ဖျပ်လက်သွားကာ လော့ကျန်းရှေ့သို့ရောက်သွားသည်။
 ကြမ်းပြင်ပေါ်တွင် ခွေးသေတစ်ကောင်လို လဲကျနေသည့် လော့ကျန်း ကို စိုက်ကြည့်ရင်း သူ့ပါးစပ်ထောင့်တွင် အပြုံးတစ်ခု ပေါ်လာသည်။

တစ်ဆက်တည်း အလင်းအသံလှိုင်းများ ကို

ဆွဲထုတ်ကာ လော့ကျန်း

၏နဖူးအလယ်တည့်တည့်ကို

ထိုးသွင်းလိုက်သည်။

သို့သော် ထိုအချိန်တွင် ပြင်းထန်သော

ဖိအားများနှင့်အတူ လော့ကျန်း ရှေ့တွင်

အဘိုးအိုတစ်ဦး ပေါ်လာသည်ကို

မြင်တွေ့လိုက်၏။

ဟားဟား...။

ကျယ်လောင်သည့် ရယ်မောသံနှင့်အတူ နတ်မိစ္ဆာကေရာဇ် က ယန်ယဲ့ ရှေ့တွင် ပေါ်လာပြီး အဘိုးအို ကို လှောင်ပြောင်ရိပ်များဖြင့် စိုက်ကြည့်နေသည်။ "လော့ထျန်း! မင်းက ကိုယ့်အဆင့်အတန်း ဝင်ပြီးပါဝင်ချင်နေတာလား?"

လော့ထျန်း ဟူသည့် အဘိုးအို က နတ်မိစ္ဆာကေရာဇ် ကို သုန်မှုန်နေသောအကြည့်ဖြင့် ကြည့်ကာ တဖန် ယန်ယဲ့ ကို စူးစိုက်ကြည့်လိုက်ရင်း "ယန်ယဲ့!

မင်းသူ့ကို အန္တရာယ်ပြုဝံ့ရင်
မင်းမိသားစုတစ်ခုလုံးကို ငါ ဖျက်ဆီးပစ်မယ်!"

အဘိုးအို လော့ထျန်း
၏စကားကိုကြားသောအခါ ယန်ယဲ့ က
အေးစက်စွာ ရယ်မောလိုက်သည်။
"ငါနဲ့ မင်းရဲ့ မြင့်မြတ်
သောဟန်အင်ပါယာကြားက ရန်ငြိုးရှိနေတာ
တော်တော်ကြာနေပြီ!"

ထိုစကားပြောပြီးသည်နှင့် ယန်ယဲ့ က
ခြေတစ်ဖက်ကို ဆန့်၍ လော့ကျန်း
၏မျက်နှာကို ကန်ထုတ်လိုက်ရာ
နောက်တစ်ကြိမ် လွင့်ထွက်သွားပြီး
အော်ဟစ်သံများပင် ကျယ်ကျယ်လောင်လောင်
ထွက်ပေါ်လာသည်။

"ယန်ယဲ့! မင်းက သေချင်နေတာပဲ!" အဘိုးအို
လော့ထျန်း
က ဒေါသတကြီး အော်ဟစ်လိုက်၏။

"ဘိုးဘေး! ဒီငယ်သားကိုကယ်ပါ။"
နောက်ဆုံးတွင် လော့ကျန်း က
တောင့်မခံနိုင်တော့ဘဲ
အသံကုန်အော်လိုက်သည်။

အလင်းအသံလှိုင်းများက လော့ကျန်း
၏ရင်ဘတ်ကို ထိုးသွင်းလိုက်စဉ်
အဘိုးအိုတစ်ဦး
ယန်ယဲ့ရှေ့တွင်ရုတ်တရက်ပေါ်လာသည်။

ယန်ယဲ့ ၏အမူအရာသည်
သိသိသာသာပြောင်းလဲသွားပြီး
လူသားကောရာဇ်ချပ်ဝတ်ကို အလျင်အမြန်
အသက်သွင်းလိုက်ပါသည်။

သို့သော်လည်း၊

အုန်း !

ယန်ယဲ့ ဧါခန္ဓာကိုယ်က မီတာရာနှင့်ချီ
လွင့်ပျံသွားပြီးမှ မြေပြင်ပေါ်
ပြုတ်ကျသွားသည်။

အဆင့် ၉ သိုင်းကျောဇ် ။

...၅၉၀

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၉၀ – သူတော်စင်တစ်ပိုင်းအဆင့်

အဘိုးအိုက ယန်ယဲ့ ကို အထင်အမြင်သေးစွာ စိုက်ကြည့်ရင်း  "မင်းလို နိမ့်ကျတဲ့ ခွေးတစ်ကောင်ကများ။ ငါ့ရဲ့ မြင့်မြတ်သောဟန်အင်ပါယာကို ဘယ်လိုစိန်ခေါ် ရဲတာလဲ? မင်းလို ပုရွက်ဆိတ်တစ်ကောင်က ငါ့ရဲ့ မြင့်မြတ်သောဟန်အင်ပါယာကို သေတဲ့အထိ တိုက်ခိုက်ဖို့ ရည်ရွယ်နေတာလား?"

လော့ကျန်း က မတ်တပ်ရပ်လိုက်သည်။ ထို့နောက် အဘိုးအို ကို ရိုသေစွာ ဦးညွှတ်ပြီး

"ဘိုးဘေး၊ ဒီသားမြေးက ဘိုးဘေး ကို
အရှက်ခွဲမိပြီ!"

အဘိုးအိုက သူ့လက်ကို ဝှေ့ယမ်းပြီး
ပြောလိုက်သည်။ “အဲဒီလူက ကံကြမ္မာနဲ့ ကြုံပြီး
ကောင်းမွန်တဲ့ ကံကြမ္မာကို ပိုင်ဆိုင်ထားတယ်။
နယ်မြေနှစ်ခုရဲ့စွမ်းအင်က သူ့ကို ကိုင်တွယ်ဖို့
မလုံလောက်ဘူး။ ဒီကိစ္စကို ဖြေရှင်းပြီးတာနဲ့
မင်းလက်ထဲ အင်ပါယာကို
ချုပ်ကိုင်ခွင့်ပေးမယ်။ မင်း နယ်မြေသုံးခုရဲ့
ယုံကြည်မှုစွမ်းအင်ကို ပိုင်ဆိုင်ပြီးတာနဲ့
ဓားအင်ပါယာ နဲ့ သိုင်းနတ်ဘုရား လို

ပုရွက်ဆိတ်တွေကို မပြောဘဲ၊ သိုင်းကျောင်း
တွေကိုတောင် အလွယ်တကူ
သတ်နိုင်လိမ့်မယ်!"

ထိုအချိန်တွင် နတ်မိစ္ဆာကျောင်း က ရုတ်တရက်
ဝင်ပြောလိုက်သည်။

"လော့ရှန်းကျိ! "ကောင်းတယ်၊
အရမ်းကောင်းတယ်! မင်းရဲ့
မြင့်မြတ်သောဟန်အင်ပါယာက ယန်ယဲ့ ကို
သတ်ဖို့ အဆင့် ၉ သိုင်းကျောင်း ၂ ယောက်ကို
စေလွှတ်လိမ့်မယ်လို့ ငါဘယ်တုန်းကမှ

မမျှော်လင့်ထားဘူး။ ဘယ်လောက်တောင်
ကြီးကျယ်လိုက်သလဲ !”

" ဟားဟား! ၂ ယောက်မဟုတ်ဘူး၊ ၃
ယောက်ပါ။" ထိုအခိုက်တွင် ကျယ်လောင်သည့်
ရယ်မောသံနှင့်အတူ အဘိုးအိုတစ်ဦး
ပေါ်လာလေသည်။

"လော့ပိုဒေါင်!" နတ်မိစ္ဆာကေရာဇ်၏
မျက်ခွံများ လှုပ်ယမ်းသွားသည်။
မြင့်မြတ်သောဟန်အင်ပါယာ ၏ အဆင့် ၉

သိုင်းကျောင်း ၄ ယောက်မှ ၃ ယောက်ပင်
စေလွှတ်လိုက်သည်လား?

လော့ပိုဒေါင် ဟုခေါ်သည့် အဘိုးအိုက
နတ်မိစ္ဆာကျောင်း ကို စိုက်ကြည့်လျက်
"နတ်မိစ္ဆာကျောင်း! အနည်းဆုံးတော့ အဆင့် ၉
သိုင်းကျောင်း ၅ ယောက်မှ မရှိရင် မင်းကို
ဆန့်ကျင်ဖို့ မဖြစ်နိုင်ဘူးလေ။

မင်းကို ထွက်မသွားအောင်တားဖို့ ငါတို့
ဘယ်တုန်းကမှ မတွေးထားဘူး၊ ဒါကြောင့်
မင်းထွက်သွားနိုင်တယ်။ ဒီနေ့
မြင့်မြတ်သောဟန်အင်ပါယာက ယန်ယဲ့ ကို

သတ်ပစ်ဖို့ ဆုံးဖြတ်ထားတယ်။ မင်းကိုယ်တိုင် ဒါမှမဟုတ် သူ့ကို ဘယ်သူမှ မကယ်နိုင်ဘူး!"

"မင်းတို့က မျိုးနွယ်စုကြီး သုံးခုချမှတ်ထားတဲ့ သဘောတူညီချက်ကို ချိုးဖျက်ဖို့ ရည်ရွယ်ထားတာလား။" နတ်မိစ္ဆာကေရာဇ်က အသံတိုးတိုးဖြင့်ပြောလိုက်သည်။

ထို့နောက် နတ်မိစ္ဆာကေရာဇ်က နဂါးအင်ပါယာအရှင် ကို စိုက်ကြည့်လိုက်ပါသည်။ သို့သော် နဂါးအင်ပါယာအရှင် က အေးစက်စက်

ရယ်မောကာ “နတ်မိစ္ဆာကောရာဇ်၊ ယန်ယဲ့ သာ ငါ့မျိုးနွယ်ဝင်ဖြစ်ခဲ့ရင် သူ့ကိုကယ်ဖို့ ပူးပေါင်းနိုင်တယ်။

ကံမကောင်းစွာပဲ၊ သူက ငါ့မျိုးနွယ်ဝင်မဟုတ်ဘူး။ တခြားမျိုးနွယ်ကဆိုတော့ သူ့ကိုကယ်လိုက်ရင် ငါ့နဂါးကလန်မှာ သဘောထား ကွဲလွဲမှုတွေ ရှိလာနိုင်တယ်။

ဒီလိုဆိုတော့ ငါ့ရဲ့နဂါးကလန် က အဲဒီလူကို ကာကွယ်မှာ မဟုတ်ဘူး။”

နတ်မိစ္ဆာကေရာဇ်က နတ်ဆိုးမျိုးနွယ်၏
အကြီးအကဲကို ကြည့်လိုက်သော်လည်း ၎င်းက
ပြုံးကာ “နတ်မိစ္ဆာကေရာဇ်! ငါ့ကို မကြည့်နဲ့။
ငါ့နတ်ဆိုးမျိုးနွယ်နဲ့ မင်းရဲ့
လေဟာနယ်မင့်ခ်ကလန် က
မဟာမိတ်ဖြစ်ပေမဲ့ ယန်ယဲ့က
လူသားတစ်ယောက်ပဲ။ ငါ မင်းနဲ့ပူးပေါင်းပြီး
သူ့ကို ကယ်တင်ဖို့ ကူညီပေးရင် သူက
အနာဂတ်မှာ ငါ့ရဲ့နတ်ဆိုးမျိုးနွယ်အတွက်
ကြောက်စရာကောင်းတဲ့ ရန်သူ ဖြစ်လာနိုင်ဖွယ်
ရှိတယ်!”

နတ်မိစ္ဆာကေရာဇ်က သက်ပြင်းချကာ
တစ်စုံတစ်ခုကို တွေးနေဟန်ဖြင့် ယန်ယဲ့ ဖက်သို့
ပြန်လှည့်ကြည့်လိုက်သည်။

လော့ရှန်းဂျီ က ယန်ယဲ့ ကို ဂရုမစိုက်ဘဲ
တစ်ချက်ကြည့်လိုက်ပြီးနောက် ညာလက်ကို
တိုက်ရိုက် ဆန့်ထုတ်လိုက်သည်။

ဂျုန်း

သူ့လက်ဝါးက အာကာသဟင်းလင်းပြင် ကို ချက်ချင်း ထိုးဖောက်သွားကာ ယန်ယဲ့ ၏ခေါင်းထက်တွင် ပေါ်လာသည်။

"ချင်းရှီ၊ ရှောင်ယုရှီ၊ ရှီယူ! မမြင်ရသေးတဲ့ ငါ့ကလေး!" ယန်ယဲ့ ၏စိတ်ထဲ၌ ပုံရိပ်များစွာပေါ်လာပြီး သူ့မျက်လုံးများကို ဖြည်းညှင်းစွာမှိတ်ထားလိုက်သည်။

" ငါ့ကလေး။ ကလေးမွေးပြီး အဖေပြန်လာမယ်လို့ ကတိပေးခဲ့တယ်...။

သို့သော်လည်း။

ကောင်းကင်ထက်ကနေ ကျဆင်းလာသည့်

လော့ရှန်းဂျီ ၏လက်ဝါးက ယန်ယွဲ့
၏ခေါင်းအထက် လက်မဝက်ခန့်အကွာတွင်
ရပ်သွားကာ ရှေ့ဆက်မတိုးနိုင်တော့ပေ။

ထိုရုတ်တရက်အခြေအနေကြောင့်
မြင့်မြတ်သောဟန်အင်ပါယာ ၏ဘိုးဘေး ၃
ဦးစလုံး မျက်မှောင်ကြုတ်သွားလေသည်။

တစ်ဖက်တွင်မူ နတ်မိစ္ဆာကေရာဇ်က
ပြုံးနေလေသည်။

"အဟွတ်.... အဟွတ်...အဟွတ်…."
ချောင်းဆိုးသံ လေးချက်ဆင့်
ထွက်ပေါ်လာပြီးနောက်
လူတိုင်းအသံထွက်လာရာဆီသို့
လှမ်းကြည့်လိုက်ရာ
လမ်းလျှောက်တုတ်ကောက်တစ်ချောင်းကိုင်
ထားသည့် အဘိုးအိုတစ်ဦး က ယန်ယဲ့ ထံတို့
ဖြည်းညှင်းစွာ လျှောက်လာနေသည်ကို
တွေ့လိုက်ရသည်။

ပတ်ဝန်းကျင်ရှိလူတိုင်း ၏ အကြည့်များက ရုတ်တရက် ရောက်လာသည့် အဘိုးအို ပေါ်သို့ ကျဆင်းသွားကြသည်။

မြင့်မြတ်သောဟန်အင်ပါယာ ၏ ဘိုးဘေး ၃ ဦးလည်း မျက်နှာပေါ်တွင် လေးနက်သည့်အမူအရာများ ပေါ်လာခဲ့သည်။

တစ်ဖက်တွင် နတ်ဆိုးမျိုးနွယ် ၏ အကြီးအကဲ နှင့် နဂါးအင်ပါယာအရှင် တို့နှစ်ဦးလည်း ရှုပ်ထွေးသည့်အမူအရာများနှင့် အကြည့်ချင်းဖလှယ်လိုက်ကြသည်။

တိုက်ကြီးတစ်ခုလုံးမှ အဆင့် ၉ သိုင်းကျောင်း ဖော်ရာဇ်
များကို လက်တွေ့ကျကျ သိထားသော်လည်း
ဤအဘိုးအိုကို တစ်ခါမှ မမြင်ဖူးပေ။

"ဒီအဘိုးအို က ယန်ယဲ့ နဲ့
ဘယ်လိုဆက်ဆံရေးမျိုးရှိတာလဲ? ယန်ယဲ့ ကို
ကျောထောက်နောက်ခံပေးနေတာက
ဒီအဘိုးကြီးပဲ ဖြစ်နေမလား?"

လမ်းလျှောက်တုတ်ကောက်ကို ကိုင်ထားသည့် အဘိုးအို က မရဏသေမင်းချောက်နက် အောက်ခြေမှ အကြီးအကဲမှူ ပင်ဖြစ်သည်။

အကြီးအကဲမှူ က ယန်ယဲ့ ဘေးနားသို့ လျှောက်သွားပြီး ဒဏ်ရာများ ဖုံးလွှမ်းနေသည့် ယန်ယဲ့ ကို စိုက်ကြည့်ရင်း ခေါင်းကို ခါယမ်းလိုက်သည်။ "မင်း နဲ့ ငါ နောက်ဆုံးတွေ့ပြီးကတည်းက တော်တော်လေး နေမကောင်းဖြစ်နေပုံပဲ။"

အမ် ။ ယန်ယဲ့ က အကြီးအကဲမူ
၏စကားကြောင့် သေချင်စိတ်ပင်
ပေါက်သွားသည်။

ခဏအကြာတွင် သူက အကြီးအကဲမူ
ကိုကြည့်ရင်းစိတ်သက်သာရာရသွားပြီး
ပြုံးလိုက်သည်။ "အကြီးအကဲမူ! ကိုယ့်ကိုယ်ကို
မပြသေးရင် ငါတကယ်သေလိမ့်မယ်!"

အကြီးအကဲမူ က ခေါင်းယမ်းပြီး
ပြုံးလိုက်သည်။ "အခက်အခဲတွေက
လူတစ်ယောက်ရဲ့ကြီးထွားမှုကို မြှင့်တင်ဖို့
အကောင်းဆုံးလို့ အမြဲတမ်း ခံစားခဲ့ရတယ်။

ဒါကြောင့် မင်းကို ငါ့လက် ငှားဖို့ ဘယ်တော့မှ ရှေ့ထွက်လာမှာမဟုတ်ဘူး။ ဒါပေမဲ့ အခုတော့ ငါ့မှာ ရွေးချယ်စရာ မရှိတော့ဘူးလေ။

အဆင့် ၉ သိုင်းကျောင်း ၃ ယောက်။ ဟား၊ ဘယ်လောက်တောင် လွန်ကဲနေလဲ? အားနည်းသူတွေကို အနိုင်ကျင့်ဖို့ ရည်ရွယ်တာ သိသာနေတယ်။

ဘယ်လိုပဲဖြစ်ဖြစ် မင်းက အနည်းဆုံး ငါ့တပည့်တစ်ဝက်ပဲမို့လို့ သူတို့ မင်းကို အနိုင်ကျင့်ဖို့ ငါဘယ်လိုခွင့်ပြုနိုင်မလဲ?"

အကြီးအကဲမှူ က စကားကို ခဏရပ်ပြီး နတ်မိစ္ဆာကောရာဇ် ကို စိုက်ကြည့်ကာ "နတ်မိစ္ဆာကောရာဇ်၊ ငါတို့ပြန်တွေ့ကြပြန်ပြီ!"

နတ်မိစ္ဆာကောရာဇ်က ခေါင်းညိတ်လိုက်သည်။

အကြီးအကဲမှူ က ပြုံးပြီး လော့ကျန်း ကို စိုက်ကြည့်ရင်း ခေါင်းယမ်းကာ "ပြောစရာမလိုပါဘူး၊ မင်းက အတိတ်က လူသားကောရာဇ်တွေထဲမှာ အဆိုးဆုံးပဲ။

ဘာကြောင့်လဲဆိုတော့ မင်းက
အဆင့်တူပညာရှင်တစ်ဦးကို တိုက်ခိုက်ဖို့
ပြင်ပအကူအညီတွေကို ယူနေရတယ်။
အန်ကလန် က ကလေးမလေး ဒါမှမဟုတ်
ဒီတပည့်လေးနဲ့ နှိုင်းစာရင် မင်းက
တကယ်ကိုအသုံးမကျဘူး။ ကောင်းကင်ကြီးက
တကယ်ကို ကန်းနေတာပဲ!"

"မင်းက အတိအကျ ဘယ်သူလဲ ?"
ထိုအချိန်တွင် လော့ရှန်းဂျီ က
သတိအပြည့်ထား၍ မေးလာလေသည်။

"ငါက ဂူသင်္ချိုင်းတွေကို စောင့်ရှောက်တဲ့ သင်္ချိုင်းစောင့်တစ်ယောက်ပဲ!" အကြီးအကဲမူ က ဆက်ပြောသည်။ “ငါ့တပည့်က လော့ကျန်း ရဲ့လက်ထဲမှာ ဒဏ်ရာ ရခဲ့မယ်ဆိုရင် ဒါဟာ သူ့ရဲ့ ခွန်အားနိမ့်ကျနေလို့ပဲ။ သေဖို့ ထိုက်တန်တယ်။ ဒါပေမဲ့ မင်းလိုအဆင့် ၉ သိုင်းကျောင်း က အားနည်းသူတွေကို အနိုင်ကျင့်နေတယ်။ ငါ တကယ်ကို တစ်ယောက်တည်း ငြိမ်မနေနိုင်တော့ဘူး။"

စကားပြောပြီးသည်နှင့် အကြီးအကဲမူ ၏ပိန်လှီနေသော ခန္ဓာကိုယ်မှ

ခမ်းနားထည်ဝါသည့်အငွေ့အသက်များ ချက်ချင်း ဖြာထွက်လာသည်။

နေရာတွင်ပင် ရပ်နေသည့်တိုင် အကြီးအကဲမှူး၏အရှိန်အဝါက ယန်ယဲ့ ထုတ်ဖော်ခဲ့သည့် "ကောင်းကင်ဖျက်ဆီးခြင်းဓားနည်းစနစ်"ထက်ပင် ပို၍ ကြောက်စရာကောင်းပေသည်။

ဤအခိုက်တွင် မြင့်မြတ်သောဟန်အင်ပါယာမှ ဘိုးဘေး ၃ ဦး၏ အမူအရာများက သိသိသာသာ ပြောင်းလဲသွားပါတော့သည်။

နဂါးအင်ပါယာအရှင် နှင့် နတ်ဆိုးမျိုးနွယ် အကြီးအကဲ ၏အမူအရာများပင် သိသိသာသာ ပြောင်းလဲသွားခဲ့သည်။

"ဒီတိုက်ကြီးမှာ ပညာရှင်တစ်ယောက်ရှိနေတာလား?"

"ဒါကို ခုခံစမ်းပါ!" အကြီးအကဲမှူး က ခပ်ကျယ်ကျယ်အော်ပြောရင်း သူ့လက်ထဲမှ လမ်းလျှောက်တုတ်ကောက်ကို လော့ရှန်းဂျီ ထံသို့ ဦးတည်၍ ထိုးလိုက်သည်။

အာကာသဟင်းလင်းပြင် ထဲတွင်
ရောမစွမ်းအင်လှိုင်းတစ်ခု ပေါ်လာပြီး
စွမ်းအင်မှဖွဲ့စည်းထားသည့်
တုတ်တစ်ချောင်းက လော့ရှန်းကျီ ရှေ့တွင်
ပေါ်လာသည်။

လော့ရှန်းကျီ က ပေါ့ပေါ့ဆဆ မလုပ်ရဲဘဲ
လက်ဝါးကို အင်အားအပြည့်ထည့်ကာ
ရိုက်ထုတ်လိုက်သည်။

သို့သော်လည်း၊ ဤအခိုက်တွင် အချိန်စီးဆင်းမှု
ရုတ်တရက် အေးခဲသွားပြီးနောက်

တုတ်ကောက်က ရှေ့သို့ပျံသန်းလာပြီး
လော့ရှန်းဂျီ ၏ရင်ဘတ်ကို
ထိုးဖောက်သွားခဲ့သည်။

အချိန်စီးဆင်းမှု ရပ်တန့်သွားသဖြင့် လူတိုင်း
ပဟေဠိဆန်ဆန်အကြည့်များဖြင့်
ကြည့်နေကြသည်။

ထို့နောက်တွင်တော့ လော့ရှန်းဂျီ
၏ခန္ဓာကိုယ်က ရုပ်သေးရုပ်တစ်ခုကဲ့သို့
နေရာမှာပင် မလှုပ်မယှက် ဖြစ်နေခဲ့သည်။

ဖောင်း!

ရုတ်တရက်။ လော့ရှန်းဂျီ ဧ၏ခန္ဓာကိုယ်က လွင့်ပျံသွားပြီး အနက်ရောင်အစက်အပျောက်အဖြစ်ပြောင်းလဲကာ မိုးကုတ်စက်ဝိုင်းအတွင်းသို့ ပျောက်ကွယ်သွားလေတော့သည်။

“မဟုတ်ဘူး!!!” လော့ရှန်းဂျီ ထံမှ ထိတ်လန့်မှုများပြည့်နှက်နေသည့် ဒေါသတကြီးအော်ဟစ်သံပဲ့တင်ထပ်လာကာ ကမ္ဘာလောကပင်လျှင် တုန်ခါသွားစေသည့် ရောမပေါက်ကွဲသံကြီး ထွက်ပေါ်လာပါသည်။

ဤသို့ဖြင့် ။

အဆင့် ၉ သိုင်းကျောင်း တစ်ယောက်က
မျက်စိတစ်မှိတ်အတွင်း သေဆုံးသွားခဲ့၏။

လော့ပိုဒေါင် နှင့် လော့ထျန်း တို့၏
မျက်နှာအမူအရာများက သိသိသာသာ
ဆိုးရွားသွားကာ ၎င်းတို့မျက်လုံးများတွင်
အံ့သြတုန်လှုပ်ခြင်းများဖြင့်
ပြည့်နှက်နေခဲ့သည်။

"အချိန်! အချိန်ရဲ့စွမ်းအင်။ မင်းက… မင်း…
မင်းကအဆင့် ၉ သိုင်းကျောင်း မဟုတ်ဘူး။

မင်းက သူတော်စင်တစ်ပိုင်းအဆင့် ပဲ။ မင်းက တကယ်ပဲ သူတော်စင်တစ်ပိုင်းအဆင့် ။

ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ?

ငါ့မြင့်မြတ်သောဟန်အင်ပါယာရဲ့ သူတော်စင်တစ်ပိုင်းအဆင့် ကလွဲရင်လူသားမျိုးနွယ်မှာ တခြား သူတော်စင်တစ်ပိုင်းအဆင့် ဘယ်လိုရှိနိုင်မှာလဲ?" လော့ပိုဒေါင် က မယုံနိုင်လောက်အောင် ငေးစိုက်ကြည့်နေပြီး မျက်လုံးထဲ၌ ထိတ်လန့်မှုများ ပြည့်နေလေသည်။

"သူတော်စင်တစ်ပိုင်းအဆင့်!"
နတ်ဆိုးမျိုးနွယ်၏ အကြီးအကဲ နှင့်
နဂါးအင်ပါယာအရှင် သည်လည်းမျက်ခွံများ
တဆတ်ဆတ်တုန်လှုပ်သွားကြသည်။

ထိုစကားလုံးများက မည်သည့်အရာကို
ကိုယ်စားပြုကြောင်း ရှင်းရှင်းလင်းလင်း
သိထားကြသည်မဟုတ်ပါလား။

သူတော်စင်တစ်ပိုင်းအဆင့် နှင့်
သိုင်းသူတော်စင် ကြားတွင် မွေးကင်းစကလေး
နှင့် အရွယ်ရောက်ပြီး

ကလေးကဲ့သို့ကွာခြားချက်ရှိသော်လည်း၊
သူတော်စင်တစ်ပိုင်းအဆင့် က အချိန်၏
စွမ်းအင်အနည်းငယ်ကို ထိန်းချုပ်ထားသည်၊
ထိုအနည်းငယ်သော စွမ်းအားကပင်
သိုင်းကေရာဇ် များ ခုခံနိုင်သည့်
အရာမဟုတ်ပေ။

ထိုထက်ပို၍အရေးအကြီးသည်မှာ ဤ
သူတော်စင်တစ်ပိုင်းအဆင့် က
လူသားမျိုးနွယ်မှဖြစ်သည်။
တစ်နည်းဆိုရသော် အခြေအနေက
အနာဂတ်တွင် နတ်ဆိုးမျိုးနွယ် နှင့်

နတ်ဘုရားသားရဲ မျိုးနွယ်အတွက်
ရောမကပ်ဘေးကြီးတစ်ခု ဖြစ်လာနိုင်ပေသည်။

....၅၉၁

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၉၁ – ကောင်းကင်လမ်း ရဲ့

သင်္ချိုင်းစောင့်ဘိုးဘေး

အကြီးအကဲ မူ က လော့ကျန်း ကို စိုက်ကြည့်နေသည်ကို သတိပြုမိပြီး လော့ထျန်း နှင့် လော့ပိုဒေါင် တို့၏အမူအရာများက သိသိသာသာ ပြောင်းလဲသွားသည်။

လော့ပိုဒေါင် က "မင်းက ငါတို့လူသားမျိုးနွယ်ရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်တဲ့အတွက် လူသားဧကရာဇ် ကို ဘာလို့ဆန့်ကျင်တာလဲ? လူသားဧကရာဇ် က ငါတို့လူသားမျိုးနွယ် ရဲ့ကံကြမ္မာနဲ့ ဘယ်လို ဆက်စပ်နေတယ်ဆိုတာ မသိဘူးလား?"

"လူသားမျိုးနွယ်ရဲ့ ကံကြမ္မာ?" အကြီးအကဲမူ က လှောင်ပြောင်လိုက်၏။ "ဒါက ငါနဲ့ ဘာဆိုင်လို့လဲ။ မင်းတို့အားလုံး ငါ့တပည့်ကို သတ်ချင်နေကြတာပဲဟုတ်လား၊ ဒီလိုမျိုးဆိုတော့ မင်းရဲ့ ဂျူနီယာကိုလည်း ငါသတ်ပစ်မယ်။ မင်းတို့အားလုံးကို အနိုင်ကျင့်ခံရတာ ဘယ်လိုလဲသိအောင် ပြပေးမယ်။"

စကားပြောပြီးသည်နှင့် အကြီးအကဲမူ က ရုတ်တရက် သူ့ခြေထောက်ကို နင်းချလိုက်ရာ ရောမစွမ်းအင်လှိုင်းကြီး ထပ်မံ၍ ထွက်လာပြီး

လော့ကျန်း ရှေ့သို့
ချက်ချင်းရောက်သွားလေသည်။

လော့ထျန်း နှင့် လော့ပိုဒေါင် တို့နှစ်ဦးလုံးက
အကာအကွယ်ပေးရန်ပြင်လိုက်သော်လည်း
၎င်းတို့ ၏အရှိန်က ရုတ်ချည်းပင်
နှေးကွေးသွားသည်။

ထိုအခိုက်အတန့်တွင်
အဝါရောင်ဝတ်ရုံဝတ်အဘိုးအိုတစ်ဦး
လော့ကျန်း ရှေ့တွင်

ရုတ်ချည်းထွက်ပေါ်လာပြီးနောက် လော့ထျန်း နှင့် လော့ပိုဒေါင် တို့ နှစ်ယောက်စလုံး၏ အမြန်နှုန်းများသည်လည်း ပုံမှန်ပြန်ဖြစ်သွားသည်။

နောက်ထပ် သူတော်စင်တစ်ပိုင်းအဆင့်!

"လော့ဒေါင်!" လော့ကျန်း ရှေ့တွင် ထွက်ပေါ်လာသည့် အဘိုးအို ကို မြင်သောအခါ နတ်မိစ္ဆာကေရာဇ် ၏မျက်နှာထက်၌

လေးနက်သည့်အမူအရာများပေါ်လာလေသည်
။

 အဘယ်ကြောင့်ဆိုသော် ဤအဘိုးအိုက
မြင့်မြတ်သောဟန်အင်ပါယာ
၏အစွမ်းထက်ဆုံးတည်ရှိမှုဖြစ်ပြီး
လူသားမျိုးနွယ်
၏ကာကွယ်စောင့်ရှောက်သူဖြစ်နေသောကြော
င့်ပင်။

ဤအဘိုးအို၏ တည်ရှိမှုကြောင့်
နတ်ဆိုးမျိုးနွယ်နှင့် နတ်ဘုရားသားရဲမျိုးနွယ်
များက လူသားကမ္ဘာသို့
ကျူးကျော်တိုက်ခိုက်ဝံ့ခြင်းမရှိကြပေ။
ထို့အပြင် အဘိုးအို က ပြင်ပသို့
ထွက်မလာခဲ့သည်မှာ နှစ်ပေါင်း(၁,၀၀၀)
ကျော်ရှိနေပြီဖြစ်သည်။

ယခုအချိန်တွင်မူ မြင့်မြတ်သောဟန်အင်ပါယာ
၏အစွမ်းထက်ဆုံးပညာရှင်၊ လူသားမျိုးနွယ်
၏ကာကွယ်စောင့်ရှောက်သူက ထပ်မံ၍
ထွက်ပေါ်လာခဲ့လေပြီ။

အဘိုးအိုလော့ဒေါင် ၏အကြည့်များက အကြီးအကဲမှူး အပေါ်သို့ ကျဆင်းသွားကာ "လူသားမျိုးနွယ်မှာ တခြား သူတော်စင်တစ်ပိုင်းအဆင့် ပုန်းအောင်းနေမယ်လို့ ငါ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူး။ အတိအကျပြောရရင် မင်းဘယ်သူလဲ?"

အကြီးအကဲမှူး က မျက်နှာတွင် မည်သို့မှ မထူးခြားဟန်ဖြင့်သာ ပြန်ပြောလိုက်၏။ "မင်းမကြားလိုက်ဘူးထင်တယ်။ ငါ ဒီလူတွေကို

စောစောက ပြောပြီးပြီ။ ငါက သင်္ချိုင်းကို စောင့်ကြပ်ရတဲ့ အဘိုးကြီးပဲ။

မင်းရဲ့ မြင့်မြတ်သောဟန်အင်ပါယာက ငါ့တပည့်ကိုသတ်ဖို့ အဆင့် ၉ သိုင်းကျောရာဇ် (၃)ယောက် နဲ့ သူတော်စင်တစ်ပိုင်းအဆင့် ကို စေလွှတ်လိမ့်မယ်လို့ ငါလည်းဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။ ဟားဟား! ဘယ်လိုမှ မမျှော်လင့်ထားဘူး!"

လောှကျန်း ၏မျက်လုံးများက အနည်းငယ်
ကျဉ်းမြောင်းသွားသည်။

နောက်အခိုက်အတန့်တွင် လော့ဒေါင် နှင့်
အကြီးအကဲမှူ တို့ နှစ်ဦးစလုံး နေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။

ပတ်ဝန်းကျင်က ချက်ချင်းပင် အေးခဲသွား၏။
လူတိုင်း နေရာတွင် အေးခဲသွားသလိုပင်။

၁၅ မိနစ်ခန့်ကြာပြီးနောက်
သူတော်စင်တစ်ပိုင်းအဆင့် နှစ်ယောက်လုံး
မူလနေရာတွင်ပင် ပြန်ပေါ်လာကြလေသည်။

ဤအခိုက်တွင် လောဒေါင် ၏မျက်နှာပေါ် ရှိ
အမူအရာက သိသိသာသာလေးနက်နေကာ
၎င်း၏ဝတ်ရုံရှည်အောက်မှဖုံးကွယ်ထားသော
လက်တစ်ဖက်လုံး တုန်ရီနေပါသည်။

အခြားတစ်ဖက်တွင်မူ အကြီးအကဲမူက
မည်သို့မှ မဖြစ်ဘဲ ပုံမှန်အတိုင်းပင် ရှိနေ၏။

"မင်းက ဘယ်သူလဲ အတိအကျ!" အဘိုးအို လော့ဒေါင် က လေးလေးနက်နက် အသံဖြင့် ထပ်မံပြောလိုက်သည်။

အကြီးအကဲမှူ က "ငါ မင်းကို ပြောခဲ့တယ်၊ ငါက သင်္ချိုင်းတွေကို စောင့်ရှောက်တဲ့ အဘိုးကြီးပဲလေ။ မင်းငါ့ကို တိုက်ခိုက်ဖို့ ကြံနေသေးလား။ မင်းဒီလိုဆိုရင် မင်းရဲ့မြင့်မြတ်သောဟန်အင်ပါယာရဲ့ အဆင့် ၉ သိုင်းကျောရာ၏ (၂)ယောက်လုံး ဒီနေရာမှာပဲ သူတို့ရဲ့အသက်တွေကို ချန်ထားခဲ့ရမှာ။"

ရုတ်တရက်ပင်၊ အဘိုးအို လော့ဒေါင်

၏မျက်လုံးများ က ကျဉ်းမြောင်းလာပြီး

သူ့မျက်လုံးများတွင် ထိတ်လန့်တုန်လှုပ်ဖွယ်ရာ

အရိပ်အယောင်များဖြင့် အကြီးအကဲမှု ကို

စိုက်ကြည့်၍ ပြောလိုက်လေသည်။

"ငါသိပြီ။ မင်း... မင်းက ကောင်းကင်လမ်းမှာ

သေဆုံးသွားတဲ့သူတွေကို သင်္ဂြိုဟ်တာ

တာဝန်ယူထားတဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့

ပညာရှင်ပဲ!"

နတ်မိစ္ဆာကောရာဇ်အပြင်၊ ပတ်ဝန်းကျင်ရှိ
အခြား သိုင်းကောရာဇ် များ အားလုံး
အကြီးအကဲမှူး ကို ထိတ်လန့်စွာ
စိုက်ကြည့်နေကြသည်။

သူတို့အားလုံးသည်
ထိုလျှို့ဝှက်ဆန်းကြယ်သော
ပညာရှင် အကြောင်းကို ကြားဖူးကြသော်လည်း
အတိတ်တွင် တစ်ခါမှ မမြင်တွေ့ခဲ့ကြချေ။

ရုတ်စွအဆုံး ကောင်းကင်လမ်း
၏သင်္ချိုင်းစောင့်ဘိုးဘေးက
မည်သည့်ပညာရှင်ဖြစ်သည်ကိုပင်
မသိခဲ့ကြပေ။

သို့သော်၊ ဤလျှို့ဝှက်ဆန်းကြယ်သော
ပညာရှင်က လက်ရှိ ၎င်းတို့ရှေ့တွင်
ပေါ်လာလိမ့်မည်ဟု မထင်မှတ်ထားမိပေ။

ထို့အပြင် ထိုပညာရှင်က
သူတော်စင်တစ်ပိုင်းအဆင့် ပင်ဖြစ်နေ၏။

"ယန်ယဲ့ ရဲ့ဆရာက သူတော်စင်တစ်ပိုင်းအဆင့်
လား?"

ဤအခိုက်တွင် နဂါးအင်ပါယာအရှင် က
ကျောရိုးတစ်လျှောက် စိမ့်တက်သွားလေသည်။

အစောပိုင်းတွင် သူ့စိတ်ထဲ၌ ယန်ယဲ့ ကို
သတ်ပစ်ရန်ကြံစည်နေသောကြောင့်ပင်။

အကယ်၍ နတ်မိစ္ဆာကောရာဇ် ကသာ
မတားဆီးလျှင် ယန်ယဲ့ ကို
သတ်ဖြတ်မိပါလိမ့်မည်။

ထိုအချိန်ရောက်ပါက သူ့အနေဖြင့်
ဤလျှို့ဝှက်ဆန်းကြယ်သည့်
သင်္ချိုင်းစောင့်ဘိုးဘေး ၏လက်စားချေခြင်းကို
သေချာပေါက်ရင်ဆိုင်ရပေမည်။

"သူတော်စင်တစ်ပိုင်းအဆင့်.... ။"
တွေးကြည့်ရုံဖြင့်ပင် နဂါးအင်ပါယာအရှင်
၏ခန္ဓာကိုယ်က
သိသိသာသာတုန်ယင်သွားပါသည်။

ထိုအချိန်တွင် ။

အကြီးအကဲမှူ က လော့ဒေါင် ကို
စိုက်ကြည့်ရင်း “မင်းတို့ ငါ့တပည့်ကိုမသတ်ဖို့
ငါတားနိုင်မှာ မဟုတ်ပေမယ့်
မြင့်မြတ်သောဟန်အင်ပါယာရဲ့အဖွဲ့ဝင်တွေကို
ငါသတ်ရင်လည်း မင်းငါ့ကို
တားနိုင်မှာမဟုတ်ဟာဘူး။
မင်းရဲ့မြင့်မြတ်သောဟန်အင်ပါယာကို ငါ
တိုက်ခိုက်မယ်ဆိုရင် နတ်ဆိုးမျိုးနွယ်နဲ့

လေဟာနယ်မင့်ခ်ကလန် က ငါ့ကို လက်တစ်ကမ်း ပေးလိမ့်မယ် လို့ ငါ ယုံတယ်။ ဟုတ်တယ်မလား။

နတ်မိစ္ဆာကေရာဇ် က အကြီးအကဲမှူ ကို ပြုံးပြရင်း "ဒါပေါ့။ ဖြစ်ကောင်းဖြစ်နိုင် ငါတို့က ကူညီလိမ့်မယ်ထင်တယ်။"ဟုပြောလိုက်ပါသည်။

"မင်းက လူသားပဲ!" လော့ဒေါင် က ဒေါသတကြီး လေသံဖြင့် အော်ဟစ်လိုက်၏။

အကြီးအကဲမှူး က ခေါင်းခါပြီး "ငါက တစ်ယောက်တည်းလေ။ ပြီးတော့ ငါ့မှာ တပည့်တစ်ယောက်ပဲရှိတယ်။ ဒီတော့ သူသေရင် လူသားအားလုံးကို သူနဲ့အတူလိုက်ပြီးသေခိုင်းမယ်။ ဘယ်လိုပဲဖြစ်ဖြစ် ငါတို့လိုတည်ရှိမှုတွေအတွက် လူ့အသက်က အဖိုးတန်လို့လား?"

အဘိုးအို လော့ဒေါင် က ရုတ်တရက် ငြိမ်သက်သွားကာ ခဏအကြာတွင် ယန်ယဲ့ ကို စိုက်ကြည့်လိုက်သည်။

ထို့နောက်မှ စကားစလိုက်၏။ "ဒီလိုဆို ငါတို့ရဲ့ မျိုးဆက်တွေကို ပြဿနာတွေ ဘယ်လိုဖြေရှင်းခိုင်းမှာလဲ?"

အကြီးအကဲမူ က နတ်ဆိုးမျိုးနွယ်၏အကြီးအကဲ နှင့် နဂါးအင်ပါယာအရှင် ကို တစ်ချက်ကြည့်လိုက်ပြီး "မင်းတို့နှစ်ယောက် အဲဒါကို ဘယ်လိုထင်လဲ?" ဟု မေးလေသည်။

နဂါးအင်ပါယာအရှင် နှင့် နတ်ဆိုးမျိုးနွယ်
၏အကြီးအကဲ တို့နှစ်ယောက်လုံး
ပြိုင်တူခေါင်းညိတ်လိုက်ကြသည်။

သူတော်စင်တစ်ပိုင်းအဆင့် ၏ရှေ့မှောက်တွင်
၎င်းတို့က မည်ကဲ့သို့ ငြင်းဆိုရဲပါမည်နည်း?

"ငါတို့မှာ ကန့်ကွက်စရာမရှိဘူး!"

အကြီးအကဲမူ က ခေါင်းညိတ်ပြပြီး ဆက်ပြောလိုက်သည်။ “မင်းကြားတဲ့အတိုင်းပဲ၊ ငါ့တပည့်ကို အဆင့်တူနယ်ပယ်တစ်ယောက်က သတ်လို့သေရင် သူ့အရည်အချင်းမရှိလို့ပဲ။ ဒါကြောင့် ငါ သူ့အတွက် လက်စားချေမှာ မဟုတ်ဘူး။ ဒါပေမဲ့ တစ်စုံတစ်ယောက်က အဆင့်မြင့်ကျင့်ကြံမှုအဆင့်နဲ့ အနိုင်ကျင့်တိုက်ခိုက်လာရင်တော့.... ဟမ့်, အဲဒါဆိုရင် ငါ့ကို အပြစ်မတင်နဲ့။"

အဘိုးအို လော့ဒေါင် က ယန်ယဲ့ ကို အချိန်တော်တော်ကြာထိ

စိုက်ကြည့်နေပြီးနောက် ရုတ်တရက်
လက်ကိုဝှေ့ယမ်းကာ
မြင့်မြတ်သောဟန်အင်ပါယာ
၏တပ်ဖွဲ့ဝင်များကို ခေါ်ဆောင်၍ နေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။

၅၉၂

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၉၂ – သဘောတူညီချက်ရယူခြင်း

ထို့နောက်တွင် နဂါးအင်ပါယာအရှင် နှင့် နတ်ဆိုးမျိုးနွယ် ၏အကြီးအကဲ သည်လည်း သက်ဆိုင်ရာ မျိုးနွယ်ဝင်များကို ခေါ်ဆောင်ကာ အလျင်အမြန်ထွက်ခွာသွားကြသည်။

"နှုတ်ဆက်ပါတယ်!" နတ်မိစ္ဆာကေရာဇ် က အကြီးအကဲမှူ အား ခေါင်းညိတ်ပြပြီးနောက် နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

အကြီးအကဲမှူ ၏အကြည့်က အန်နန်ကျင်း ၏ဘေးတွင်ရပ်နေသည့်

အန်ကလန်ဘိုးဘေးအပေါ်ကျဆင်းလာသဖြင့်
ငှင်းက မျက်ခွံများ လှုပ်ယမ်းလာသည်။
ထို့နောက် ကမန်းကတန်း ဖြင့် "ငါ
မင်းရဲ့တပည့်ကိုအနိုင်မကျင့်ခဲ့ဘူး။"
ဟုပြောလိုက်၏။

“ငါထင်တာမမှားရင်
မင်းရဲ့သက်တမ်းကုန်ဆုံးတော့ယ်။
ဟုတ်တယ်မလား?”

အန်ကလန်ဘိုးဘေးက
မျက်နှာကွက်ခနဲပျက်သွားသည်။

အကြီးအကဲမှူ က ဂရုမစိုက်ဘဲ
ဆက်၍ပြောလိုက်သည်။ "မင်းရဲ့အခေါင်းကို
ငါပြင်ဆင်ပြီးပြီ။ မင်းအဲဒါကို သိပ်မကြာခင်
သုံးရမယ်လို့ ငါထင်တယ်!”

"ဘာပြောနေတာလဲ!?" အန်ကလန် ဘိုးဘေးက
အသံတိုးတိုးဖြင့် ပြောသည် ။

အကြီးအကဲမှူ က ခေါင်းယမ်းလိုက်ပြီး
အန်ကလန် ဘိုးဘေး ကို နောက်ထပ်
ဂရုမစိုက်တော့ပေ။ တစ်ဖက်ကို ပြန်လှည့်၍
ယန်ယွဲ့ ကို စိုက်ကြည့်ရင်း "မင်းက အခု
အခြေအနေ
အရမ်းဆိုးနေတယ်။ဘာကြောင့်လဲဆိုတော့
ကောင်းကင်ဘုံက မင်းရဲ့တည်ရှိမှုကို
လက်မခံနိုင်ဘူးထင်တယ်။
ငါ့အထင်ပြောရရင် မင်း
ချီးမြှောက်ခြင်းနယ်ပယ် ကနေ သိုင်းဧကရာဇ်
အဆင့်ကိုတက်တဲ့အချိန်မှာ ကောင်းကင်ဘုံက
မင်းကို ထပ်ပြီးဖိနှိပ်လိမ့်မယ်။

ဒါ့အပြင် မင်းက ဒီလောကမှာပဲ
ဆက်ပြီးနေနေဦးမယ်ဆိုရင်
အမှောင်ကံကြမ္မာကိုပဲခံစားရမှာသေချာတယ်။
ဒီလောကရဲ့ကံကြမ္မာကောင်းချီး ကို
ထိတွေ့နိုင်မှာမဟုတ်တော့ဘူး။"

ယန်ယဲ့ က
အသက်စမ်းရေတစ်စက်ကိုမျိုချရင်းပြန်ပြော
လိုက်သည်။ "ဒါက ကိစ္စမရှိပါဘူး။
ဘာပဲဖြစ်ဖြစ် အကြီးအကဲမှူ ကို
ကျေးဇူးတင်ပါတယ်။”

အကြီးအကဲမူ က ခေါင်းညိတ်၍ ဆက်ပြောသည်။ "ငါထင်တဲ့အတိုင်းဆိုရင် လော့ကျန်း ပြန်ရောက်တာနဲ့ မြင့်မြတ်သောဟန်အင်ပါယာ ရဲ့ကေရာဇ် ဖြစ်လာမှာသေချာတယ်။

အဲဒီအချိန်ကျရင် သူက နယ်မြေ ၃ ခုရဲ့ ယုံကြည်ခြင်းစွမ်းအင် ကို ပိုင်ဆိုင်သွားပြီ။

မင်းရဲ့လက်ရှိခွန်အားနဲ့ ဓားနယ်မြေ ကိုအသုံးပြုရင် ကိုယ့်ကိုယ်ကို ကာကွယ်နိုင်ပေမဲ့ လော့ကျန်း ကို လုံးဝအနိုင်ယူနိုင်တော့မှာမဟုတ်ဘူး။

ဒီတော့ မင်းက တောင်ပိုင်းနယ်မြေကို
ကာကွယ်ချင်ရင် တခြားနည်းလမ်းကို
စဉ်းစားရမယ်။”

ယန်ယဲ့ က ချက်ချင်း ခေါင်းညိတ်လိုက်သည်။
ဤတစ်ကြိမ်တွင် သူ့အနေဖြင့်
မြင့်မြတ်သောဟန်အင်ပါယာ ၏စစ်မှန်သော
ခွန်အားနှင့် အရန်အင်အားများကို
သိရှိနိုင်ခဲ့ပါသည်။

မြင့်မြတ်သောဟန်အင်ပါယာ ကို ဆန့်ကျင်ရန် ခက်ခဲကြောင်း သိနေသော်ငြား အရှုံးပေးရန်မှု ငြင်းဆန်သည်။

"မင်း အခုဘာဆက်လုပ်ဖို့ ရည်ရွယ်ထားလဲ?" အကြီးအကဲမှူ က ရုတ်တရက် မေးလိုက်သည်။

ယန်ယွဲ့ က “ငါ အခု ဗဟိုနယ်မြေကိုလာရတဲ့အကြောင်းအရင်းလ ည်း ပြီးသွားပြီဆိုတော့ တောင်ပိုင်းနယ်မြေကို ပြန်ဖို့အချိန်ရောက်ပြီ။ တောင်ပိုင်းနယ်မြေက

အဲဒီဂိုဏ်းတွေကို ချေမှုန်းပစ်ရမယ့်အချိန် ရောက်နေပြီလို့ထင်တယ်။
ပြီးတော့ ဒီတစ်ခါပြန်ရောက်ရင် ပန်းနန်းတော် ကို တိုက်ကြီး ကနေ အပြီးတိုင် ပျောက်ကွယ်သွားအောင် ရည်ရွယ်ထားတယ်။"

အကြီးအကဲမူ က ခေါင်းညိတ်ပြီးပြောသည်။
"လော့ကျန်း က မြင့်မြတ်သောဟန်အင်ပါယာ ရဲ့ကေရာဇ် ဖြစ်သွားရင် အင်ပါယာထဲက အင်အားစုတွေကို
ပြန်ပြီးစုစည်းရဦးမှာသေချာတယ်။

ဒါကြောင့် သူက တောင်ပိုင်းနယ်မြေ

နဲ့ပတ်သက်လို့ အချိန်တော်တော်ကြာတဲ့အထိ

အာရုံစိုက်နိုင်ဦးမှာမဟုတ်ဘူး။

ဒါက မင်းအတွက် ပန်းနန်းတော်ကို ဖျက်ဆီးဖို့

အချိန်ကောင်းပဲ။

ကလေး၊ မင်းရဲ့ခွန်အားကို တတ်နိုင်သမျှ

မြန်မြန် မြှင့်တင်တာကောင်းမယ်။ မဟုတ်ရင်

လော့ကျန်း က တခြားနယ်မြေတွေကို

သိမ်းပိုက်ပြီးတာနဲ့ မင်းတကယ် ယှဉ်နိုင်မှာ

မဟုတ်ဘူး။”

"ငါလုပ်မယ်!" ယန်ယဲ့ က လက်သီးကို တင်းတင်း ဆုပ်ထားလိုက်၏။

သူ၏လက်ရှိအင်အားက မြင့်မြတ်သောဟန်အင်ပါယာကို တိုက်ခိုက်ရန် လုံးဝမဖြစ်နိုင်ကြောင်း သိရှိထားသည်။

သူ့နောက်ကွယ်တွင် အကြီးအကဲမှူ ရှိနေသည့်တိုင် မြင့်မြတ်သောဟန်အင်ပါယာကို ရင်ဆိုင်ရန်မဖြစ်နိုင်ပေ။

သူ့အနေဖြင့် ထိုအင်အားစုကြီးကို
အထင်အမြင်သေးစွာ ငုံ့ကြည့်နိုင်ရန်
တစ်ခုတည်းသောနည်းလမ်းက သိုင်းကေရာဇ်
(သို့) သူတော်စင်တစ်ပိုင်းအဆင့် သို့
တက်လှမ်းရန်လိုအပ်ပေသည်။

အကြီးအကဲမှူ က ယန်ယဲ့ ကို ပြုံးပြပြီး
နေရာမှာတင် ပျောက်ကွယ်သွား၏။

အန်ကလန် ဘိုးဘေးက လက်ကိုဝှေ့ယမ်းကာ
အန်နန်ကျင်း ကိုကာကွယ်ထားသည့်

အစီအရင်များကို

ဖယ်လိုက်ကာ"သမီးငယ်လေး! မင်း ငါ့ကို

မုန်းနေမှန်း ငါသိပါတယ်။ ဒါပေမဲ့

မင်းမြင်တဲ့အတိုင်းပဲ။ ငါတို့နှစ်ယောက်စလုံး

မြင့်မြတ်သောဟန်အင်ပါယာရှေ့မှာ

ဘာမှမရှိကြဘူး။ ငါ မင်းကို အချိန်အကြာကြီး

မကာကွယ်နိုင်တော့လို့ မင်းဒီဒေါသကို

ဖျောက်ပေးသင့်တယ်။ ....”

ထိုစကားပြောပြီးသည်နှင့် နေရာမှာပင်

ပျောက်သွား၏။

အန်နန်ကျင်း က ခဏတာငြိမ်သက်သွားပြီးမှ ယန်ယဲ့ ဆီသို့ ဖြည်းညှင်းစွာ လျှောက်လာခဲ့ပါသည်။

"ဒါဆို ငါတို့က အရမ်းအားနည်းနေသေးတယ်!" သူမက သူ့မျက်နှာကို စိုက်ကြည့်၍ တိုးညှင်းသော အသံဖြင့် ပြောလိုက်သည်။

သူမနှင့် ယန်ယဲ့ က ချီးမြှောက်ခြင်းနယ်ပယ်တွင် ပြိုင်ဖက်ကင်းဖြစ်သော်ငြား ဤနေ့အဖြစ်အပျက်က ထိပ်တန်းပညာရှင်များနှင့်ယှဉ်လျှင် ပုရွက်ဆိတ်ကဲ့သို့ ဟူသည့် တည်ရှိမှုကို နားလည်လိုက်၏။

ယန်ယဲ့ သည် အသက်ပြင်းပြင်းရှုကာ
မြင့်မြတ်သောဟန်အင်ပါယာဆီသို့
စူးစူးစိုက်စိုက်ကြည့်နေရင်း မျက်လုံးထဲတွင်
သတ်ဖြတ်ခြင်းစိတ်ဆန္ဒများ
ပေါက်ကွဲထွက်လာသည်။

ဤနေ့အဖြစ်အပျက်က သူ့စိတ်ထဲ၌ ခွန်အား
၏အရေးပါမှုကို နက်နက်ရှိုင်းရှိုင်း
နားလည်သွားစေခဲ့သည်။

သူ့တွင် အကြီးအကဲမှု ၏
ကျောထောက်နောက်ခံရှိသော်လည်း
အကြီးအကဲမှု က သူတော်စင်တစ်ပိုင်းအဆင့်
၏လုပ်ကြံသတ်ဖြတ်မှုကို
တားဆီးနိုင်မည်မဟုတ်ချေ။

မြင့်မြတ်သောဟန်အင်ပါယာ
၏ကာကွယ်စောင့်ရှောက်သူ လော့ဒေါင်
သူ့အား မသတ်ခဲ့သည့် အကြောင်းအရင်းမှာ
လော့ကျန်း ကို မသေစေလိုသောကြောင့်ပင်။

"တကယ်ပဲ အားနည်းလိုက်တာ။"

"တကယ်တော့ ငါတို့က အရမ်းအားနည်းနေသေးတယ်!" ယန်ယဲ့ က သက်ပြင်းချကာ ပြောလိုက်သည်။

"ငါက တံခါးပိတ်ကျင့်ကြံတော့မယ်၊ သိုင်းကေရာဇ်အဆင့်ကို မရောက်မချင်း ထွက်မလာတော့ဘူး။" အန်နန်ကျင်း က “အဲဒီနေ့ဟာ သိပ်မကြာခင်မှာ ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် အခုကနေပြီးတော့

အနှစ် (၁၀၀) ဒါမှမဟုတ် ဒီထက်ပိုကြာတဲ့အထိ ရောက်သွားနိုင်တယ်။ မသေပါနဲ့။ ငါ တံခါးပိတ်ကျင့်ကြံတာကနေ ထွက်လာတဲ့အခါ နင့်ကိုတွေ့နိုင်မယ်လို့ ငါမျှော်လင့်တယ်။ တကယ်လို့ နင်သေရင် ဘယ်သူပဲဖြစ်ဖြစ် ငါ နင့်ကိုယ်စား လက်စားချေမယ်။"

အန်နန်ကျင်း က ထိုစကားပြောပြီးသည်နှင့် တပြိုင်နက် ယန်ယဲ့ ကို လေးလေးနက်နက် စိုက်ကြည့်၍

လှည့်ထွက်သွားခဲ့သည်။

ယန်ယဲ့ သည် အန်နန်ကျင်း ၏ပုံရိပ်
မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်ထိ
ငေးကြည့်နေရင်း နေရာမှာပင် တိတ်ဆိတ်စွာ
ရပ်နေခဲ့သည်။

ထို့နောက်တွင် နတ်ဘုရားသားရဲ
ရွှေနဂါးကိုဆင့်ခေါ်လိုက်၏။

တဖန် သူ၏ညာလက်ကို
ထပ်မံ၍ဝှေ့ယမ်းလိုက်ရာ

တာအိုဝတ်ရုံရှည်နှင့်အဘိုးအိုက သူ့ရှေ့တွင် ပေါ်လာသည်။

အဘိုးအိုသည် သက်ပြင်းချရင်း ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

"သူတော်စင်တစ်ပိုင်းအဆင့်၊ လူသားကမ္ဘာမှာ သူတော်စင်တစ်ပိုင်းအဆင့် နှစ်ယောက်ရှိမယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။ ကလေး၊ မင်းက ငါ့အကြောင်းကို သိအောင်မလုပ်တာကောင်းတယ်။ မဟုတ်ရင် ငါ့ကို ဖမ်းဖို့ မင်းကို သတ်ပစ်မှာ သေချာတယ်!"

"သူတို့က မင်းကို သဘောကျမှာ မဟုတ်ဘူး။"
ယန်ယဲ့ က မသိနားမလည်စွာ ပြောလိုက်သည်။

"ဘယ်လောက်တောင် မိုက်မဲတာလဲ!"
အဘိုးအိုက ဒေါသတကြီး ပြောလိုက်သည်။
"ပြီးပြည့်စုံတဲ့ လက်နက်ဝိညာဉ်ပါတဲ့
တာအိုရတနာလက်နက် က
ဘာကိုကိုယ်စားပြုတယ်ဆိုတာ မင်းသိလား?
တကယ်လို့ တစ်ယောက်ယောက်က
ငါ့ရဲ့ပိုင်ရှင်ဖြစ်ပြီး
ငါ့အသိအမှတ်ပြုတာကိုခံရရင်

သူတို့ရဲ့ခွန်အားတွေ တိုးတက်ရုံတင်မကဘူး၊

တခြား သိုင်းကျောင်း တွေရဲ့

အကူအညီကိုရယူနိုင်တယ်။

ပြီးတော့ အဲဒီလူက ကမ္ဘာပေါ်မှာရှိတဲ့

အရာအားလုံးကို ချုပ်နိုင်ထားနိုင်တဲ့

အထွတ်အမြတ်ပညာရှင် ဖြစ်လိမ့်မယ်။

ဒါက သွေးဆောင်ခံရမှာမဟုတ်ဘူးလို့

မင်းထင်နေတာလား?

သူတော်စင် လဲ့ယွန် တောင်

သူတော်စင်တစ်ပိုင်းအဆင့် မဟုတ်လို့။

ဒီလိုမှမဟုတ်ရင် သူက ငါ့ကို
နှစ်ပေါင်းများစွာအထိ
ချုပ်နှောင်ထားနိုင်မယ်လို့ ထင်သလား?"

...၅၉၃

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၉၃ – နင်က အရမ်းအားနည်းနေတုန်းပဲ

"ငါ့မှာ မင်းရှိရင်တောင် မင်းကို မသုံးနိုင်ဘူးလို့ ဆိုလိုတာ မဟုတ်ဘူးလား" ယန်ယဲ့ က ပြောလိုက်သည်။

အဘိုးအိုက “ငါ့ကို လူတိုင်းသိအောင် ထုတ်မပြတာအကောင်းဆုံးပဲ။ ဘာကြောင့်လဲ ဆိုတော့ ငါက အခု ကမ္ဘာတစ်ခုလုံးမှာ တစ်ခုတည်းသော ပြီးပြည့်စုံတဲ့ သဘာဝတာအိုရတနာလက်နက်ဖြစ်နေတာလေ ။

ပြီးပြည့်စုံတဲ့ရတနာလက်နက် မဟုတ်သေးပေမဲ့ ငါက ကမ္ဘာ့ပေါ်တယ်အဖြစ်ပြောင်းလဲနိုင်တယ်။

ပြီးတော့ မင်းရဲ့ပိုင်ဆိုင်မှုတွေကို သိမ်းဆည်းဖို့ အဲဒါကို မင်းသုံးနိုင်တယ်။"

"ကောင်းပြီ!" ယန်ယဲ့ က ခေါင်းညိတ်ပြီး "ငါ့မှာ ရွေးချယ်စရာရှိရင် တခြားသူတွေကို အားကိုးမနေချင်ဘူး!"

အဘိုးအိုက ခေါင်းညိတ်ပြပြီး ခဏလောက် တုံ့ဆိုင်းနေပြီးမှ “ငါ အခုမှ လွတ်လပ်ခွင့်ရလို့ ကမ္ဘာကြီးကို ကြည့်ချင်နေပြီ၊ ထွက်ပြေးဖို့ မကြိုးစားပါဘူး။ မင်းငါ့ကိုလိုအပ်ရင် မင်းရဲ့စိတ်ထဲက အမိန့်တစ်ခုထုတ်ဖို့ပဲလိုတယ်၊

ငါ့ရဲ့ခွန်အားက
နယ်မြေနှစ်ခုလောက်ဝေးနေရင်တောင်
မင်းဆီကို တစ်နာရီအတွင်းမှာ
ချက်ချင်းပြန်လာနိုင်တယ်။"

ယန်ယဲ့ က "ငြင်းစရာမရှိပါဘူး။ ကမ္ဘာကြီးကို
မြင်ချင်တာကြောင့် ရှေ့ကို ဆက်သွားပါ။"
ကမ္ဘာ့ပေါ်တယ် က ထွက်ပြေးသွားမည်ကို သူ
စိုးရိမ်နေခြင်းမရှိပေ။

ရင်း၏ခန္ဓာကိုယ်ထဲရှိ တံဆိပ်က
သူတော်စင်တစ်ပါး

ချိတ်ပိတ်ထားခဲ့သည်ဖြစ်ရာ အခြား သူတော်စင်တစ်ပါး သာ မကူညီလျှင် တံဆိပ်ကို ချိုးဖျက်ရန်မဖြစ်နိုင်ပါ။

အဘိုးအိုက ယန်ယဲ့ ကို စိုက်ကြည့်ပြီးနောက် ပြုံးလိုက်သည်။ "မဆိုးပါဘူး! မင်းက အဲဒီလူယုတ်မာ သူတော်စင် လဲ့ယွန် ထက် အများကြီးသာတယ်။" စကားဆုံးသည်နှင့် အဘိုးအို ၏ပုံရိပ် က လေထဲတွင် ပျောက်ကွယ်သွားပါသည်။

"သူက ကမ္ဘာ့ပေါ်တယ် လား?" ထိုအချိန်တွင် လုကျန်းယောင် က ရုတ်တရုတ်ပြောလိုက်သည်။

ယန်ယဲ့ က ခေါင်းညိတ်ပြီး "မင်းဒဏ်ရာ ဘယ်လိုနေလဲ?"

လုကျန်းယောင် က “ဒါက ဘာမှ မပြင်းထန်ပါဘူး။ ကံကောင်းထောက်မစွာပဲ၊ နင့်မှာ အသက်စမ်းရေရှိနေလို့။ မဟုတ်ရင် ငါက အသက်ရှင်နေသေးရင်တောင် ဒုက္ခိတ ဖြစ်နေလိမ့်မယ်။"

ယန်ယဲ့ က သက်ပြင်းချ၍ ပြောလိုက်၏။
"နောင်မှာ ဒီလို လက်လွတ်စပယ် မလုပ်နဲ့။
ဟုတ်ပြီလား”

“နင်ငါ့ကို အကြိမ်ကြိမ်ကယ်တင်ခဲ့တယ်လေ။
ဒီတော့ နင်အန္တရာယ်နဲ့ ရင်ဆိုင်နေရတာကို
ငါဘယ်လိုလုပ်ပြီး ရပ်ကြည့်နေနိုင်မှာလဲ?"
လုကျန်းယောင် က ပြုံး၍ ပြောလိုက်ပါသည်။
"ဒါပေမဲ့ ငါ့ရဲ့ ခွန်အားက အားနည်းလွန်းတယ်။
ငါ နင့်ကို မကူညီနိုင်ရုံတင်မကဘူး၊ နင့် အတွက်
ဝန်ထုပ်ဝန်ပိုးတစ်ခုတောင် ဖြစ်သွားခဲ့တယ်။"

ယန်ယဲ့ က လက်ဝှေ့ယမ်းကာ တားလိုက်၏။

“ကောင်းပြီ၊ အဲဒါကို ဆက်မပြောနဲ့တော့။ မကြာခင် တောင်ပိုင်း နယ်မြေကို ရောက်တော့မယ်။ တကယ်လို့ မင်း အိမ်မှာမနေချင်ရင် ငါနဲ့အတူ ဆေးဘာသာရေးဂိုဏ်းဆီ လိုက်လာလို့ရတယ်။ ဓားသမားတွေနဲ့ ပြည့်နေတယ်ဆိုတော့ မင်း သဘောကျမယ်ထင်ပါတယ်။"

လုကျန်းယောင် က  ရုတ်တရက်
မေးလိုက်သည်။ "နင့်မိန်းမ က
ဆေးဘားဓားဂိုဏ်းရဲ့ လက်ရှိဂိုဏ်းသခင် လား?"

ယန်ယွဲ့ က ခေါင်းညိတ်လိုက်ပြီး
သူ့အကြည့်များကို ဆေးဘားဓားဂိုဏ်း ရှိရာသို့
ဦးတည်လိုက်သည် ။ " ချင်းရှီ၊ ယုရှီ နဲ့
ငါ့ရဲ့မွေးကာစကလေးလေး..."

လုကျန်းယောင် က ယန်ယွဲ့ ကို စိုက်ကြည့်၍
အောက်နှုတ်ခမ်းကို ဖိကိုက်ကာ
စကားမပြောတော့ပေ။

ယန်ယဲ့ သည်လည်း တိတ်ဆိတ်နေလိုက်ကာ ခဏအကြာတွင် တင်ပျဉ်ခွေလျက်ထိုင်ချပြီး သူ၏စိတ်အာရုံအသိကို ခန္ဓာကိုယ်ထဲသို့ ပို့လွှတ်လိုက်ပါသည်။

"နင် အခု ဘယ်လောက် အားနည်းနေလဲ သိလား?" ထိုအချိန်တွင် လေးမလေးက ယန်ယဲ့ကို အေးခဲစွာ စိုက်ကြည့်ရင်း ပြောလာသည်။

ယန်ယဲ့ က ခေါင်းညိတ်ပြီး ပြောလိုက်သည်။
"အဲဒီ သူတော်စင်တစ်ပိုင်းအဆင့် တွေ၊ အဆင့် ၉ သိုင်းကျော်ဇ တွေနဲ့ ယှဉ်ရင် ငါ အရမ်းအားနည်းနေတာကို ငါနားလည်တယ်။ လာပါ! မင်း ကိုယ့်ဘာသာကိုယ် စဉ်းစားကြည့်လိုက်ဦး၊ ငါ ကျင့်ကြံတာ ဘယ်လောက်ပဲ ကြာသေးလို့လဲ?"

"အားနည်းချက်က အားနည်းချက်ပဲ! အကြောင်းပြချက်တွေအားလုံးက ဘာလဲ?" ကလေးမလေးက ဂရုမစိုက်ဘဲ လစ်လျူရှုကာ ပြောလေသည်။

ယန်ယဲ့ က စကားပြောရန်ပြင်လိုက်သော်လည်း ထိုစကားကြောင့် ပြန်မပြောနိုင်ဘဲ ဆွံ့အသွား၏။

"နင်က သိုင်းကျောရာဇ် အဆင့်ကို တတ်နိုင်သမျှ မြန်မြန်ရောက်အောင် ကျင့်ကြံသင့်တယ်။ အဲဒီနောက်မှာ နင့်ရဲ့ဓားနယ်မြေ နဲ့လက်ရှိခွန်အားကို ပေါင်းစပ်လိုက်ရင် သူတော်စင်တစ်ပိုင်းအဆင့် တွေတောင် နင့်ကို အလွယ်တကူသတ်နိုင်မှာမဟုတ်တော့ဘူး။" ကလေးမလေးက ပထမဆုံးအကြိမ်အဖြစ်

လေးလေးနက်နက် အမူအရာနှင့်
ပြောလာခဲ့သည်။

ယန်ယဲ့ က "မင်း အခု ဘယ်လောက်
သန်မာနေလဲ?” ရုတ်တရက် ထမေးလိုက်၏။

ကလေးမလေးက ခဏတာ
တိတ်ဆိတ်သွားပြီးမှ "ဘယ်လိုပဲဖြစ်ဖြစ်
အရင်က ဒီလို သိုင်းကျောဇ် တွေကို ငါ
အနိုင်မယူနိုင်ပေမဲ့ ငါ့ရဲ့ခွန်အားပြန်ရရင် တော့
အသာလေးပဲ။"

ယန်ယဲ့ သည်လည်း သူမ ဆိုလိုသည့် အဓိပ္ပါယ်ကို နားလည်လိုက်၏။

ကလေးမလေးက သာမန် သိုင်းကေရာဇ် များနှင့် ရင်ဆိုင်နိုင်သော်ငြား အဆင့် ၉ သိုင်းကေရာဇ် (သို့) အဆင့်မြင့် သိုင်းကေရာဇ် များနှင့် ရင်ဆိုင်နိုင်ခြင်းမရှိသေးပေ။

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၉၄ – ဆန်းကြယ်ရွှေချိကန်

ဧါ်ဆင့်ခေါ်မှု

ယန်ယဲ့ က ခဏကြာ ငြိမ်ကျသွားပြီးမှ ရုတ်တရက်မေးလိုက်သည်။ "အဲဒီသေးငယ်တဲ့ ရွှေချိကန်လေးက ဘာလဲ ?"

ကလေးမလေးက ယန်ယဲ့ ကို တစ်ချက်ကြည့်လိုက်ပြီး "ဒါကို မူလစေတီလို့ ခေါ်တယ်၊ ဒါက ငါ့ကမ္ဘာက

ထူးခြားဆန်းကြယ်တဲ့ ရှေးဟောင်း

နတ်ဘုရားတစ်ပါးရဲ့ ရတနာလက်နက်တစ်ခုပဲ။

ဥပမာအနေနဲ့ပြောရရင် အဲဒါက

မိစ္ဆာတစ်ကောင် ဒါမှမဟုတ်

ကမ္ဘာတစ်ခုလုံးကိုတောင် ဖိနှိပ်နိုင်တယ်။

အရေးအကြီးဆုံးကတော့ အဲဒါက

လူတစ်ဦးရဲ့ခန္ဓာကိုယ်ဖွဲ့စည်းပုံအခြေခံဥပဒေသ

တွေကို

တိုးတက်အောင်မူလ(ပဏ္ဏာမ)ခရမ်းချီစွမ်းအင်

ကို ဖန်တီးပေးနိုင်တယ်။

ဒီလောက် အချိန်တိုလေးအတွင်းမှာ နင့်ရဲ့

လက်ရှိအောင်မြင်မှုတွေကို ရနိုင်ခဲ့တဲ့

တစ်ခုတည်းသော အကြောင်းအရင်းက နှင့်ရဲ့ သဘာဝ အထောက်အပံ့တွေနဲ့ ခန္ဓာကိုယ်ဖွဲ့စည်းပုံအခြေခံဥပဒေသကို မြှင့်တင်ထားလို့ပဲ ဆိုတာကို အရင်က ငါပြောခဲ့တယ်!”

ယန်ယဲ့ က ခေါင်းညိတ်လိုက်၏။ ပြီးမှ သူမကို မေးလိုက်သည်။ "ငါ အဲဒါကို အခု ထိန်းချုပ်လို့ရမလား?"

ကလေးမလေးက ခေါင်းခါပြီး “အဲလို မဖြစ်နိုင်ဘူး။ နှင် သိုင်းကျောဇ် အဆင့် ကို

ရောက်သွားရင်တောင် အဲဒါကို ထိန်းချုပ်ဖို့က အရမ်းခက်လိမ့်မယ်။ နင့်ရဲ့ကမ္ဘာပေါ်က သဘာဝတာအိုရတနာလက်နက်တွေနဲ့ ယှဉ်နိုင်တဲ့အရာမဟုတ်ဘူးလေ!”

ယန်ယဲ့ က ဆက်ပြောလိုက်လေသည် ။
"ငါတို့နှစ်ယောက်လုံးက အရမ်းအားနည်းနေပြီဆိုတာ မင်းသတိထားသင့်တယ်၊ ဒါပေမဲ့ ငါတို့က လှေတစ်စင်းတည်းပေါ်မှာပဲ ရှိနေတာ။ ဒီတော့ မင်းမှာ ပြီးမြောက်အောင် လုပ်နိုင်တဲ့ နည်းလမ်းရှိရင် ငါ့ကို ဖုံးကွယ်မထားပါနဲ့။ ငါ့ကို

ပိုသန့်မာလာခွင့်ပေးပါ၊ မဟုတ်ရင် မင်းက နဂါးငွေ့တန်းကြယ်စင်စုဆီ ပြန်သွားနိုင်မှာ မဟုတ်ဘူး။”

ကလေးမလေးက သက်ပြင်းချကာ “နင့်ရဲ့ကျင့်ကြံမှုကို ဒီထက်ပိုမြန်ချင်စိတ်ပြင်းပြတာက နင့်အတွက် လုံးဝအကျိုးမရှိဘူး။ နားလည်ရဲ့လား?"

ယန်ယဲ့ က သက်ပြင်းချလိုက်သည်။ သူလည်း ထိုအချက်ကိုအဲဒါကို ရှင်းရှင်းလင်းလင်း နားလည်ထားပါသည်။

သို့သော်လည်း သူသည် စွမ်းအားကင်းမဲ့သည့် ခံစားချက်ကို နောက်တစ်ကြိမ် မခံစားချင်တော့ပါ။

အုန်း!

ဤအခိုက်တွင် ဆန်းကြယ်ရွှေချိကန်၏အထက်၌ ဂိတ်တံခါးတစ်ခု ရုတ်တရက်ပေါ်လာသည်။

ယန်ယဲ့ သည် အံ့အားသင့်သွားသော်လည်း ကလေးမလေး၏အမူအရာမှာ

အနည်းငယ်ပြောင်းလဲသွားသည်။ ထို့နောက် သူမက ရှုပ်ထွေးသောအမူအရာဖြင့် ယန်ယဲ့ ကို စိုက်ကြည့်ကာ “ဒါက နင့်ကို အဲဒီနေရာကို ဝင်စေချင်တာ။ သူက နင် အခု အရမ်းအားနည်းနေပြီဆိုတာ သိသွားပုံပဲ!"

ယန်ယဲ့ သည် ဤစကားကိုကြားလိုက်ရသောအခါ ဝမ်းသာသွား၏။ "တစ်နည်းပြောရရင် ငါက ဘေးဆိုးကျိုးမရှိဘဲ သိုင်းဧကရာဇ် အဆင့်ကို တိုက်ရိုက်တက်သွားနိုင်လောက်လား?"

"နင်က အရမ်းမျှော်လင့်နေတယ်"

ကလေးမလေးက

အေးစက်စွာပြောလိုက်သည်။ “အဲဒီလို

အတွေးတွေကို လွှတ်ချလိုက်ရင်

အကောင်းဆုံးပဲ။ ခွန်အားရဖို့ လမ်းကြောင်းမှာ

ဖြတ်လမ်းဆိုတာမရှိဘူး။ တစ်ကြိမ်မှာ

ခြေတစ်လှမ်းပဲလှမ်းတာ အကောင်းဆုံး ပဲ။

မဟုတ်ရင် နင် ထာဝရ နောင်တရလိမ့်မယ်!”

ယန်ယဲ့ က ပုခုံးတွန့်သည် "ငါသိပါတယ်!"

"မြန်မြန်ဝင်လိုက်! အဲဒါက နင့်ကိုဘာလို့ရှာနေတာလဲ ငါတကယ်သိချင်နေပြီ!" ကလေးမလေးက ပြောလိုက်လေသည်။

ယန်ယဲ့ လည်း ချက်ချင်း ခေါင်းညိတ်လိုက်သည်။

ဆန်းကြယ်ရှေးချီကန် က သူ့ခန္ဓာကိုယ်ထဲတွင် အချိန်ကြာမြင့်စွာကတည်းက ရှိနေခဲ့ခြင်းပင်။

သို့သော် တစ်ကြိမ်တစ်ခါမှ သူ့အလိုလို ဆက်သွယ်လာခြင်းမရှိပေ။

ဤအခိုက်တွင် ၎င်းက ပထမဆုံးအကြိမ် ဆက်သွယ်လာခဲ့၏။

တစ်ချိန်တည်းတွင် ယန်ယဲ့ ၏စိတ်ထဲ၌ သူ့အား ဆင့်ခေါ်ရသည့်အကြောင်းအရင်းကိုလည်း အတော်လေး သိချင်သွားမိသည်။

ထို့နောက်တွင် ယန်ယဲ့ က စိတ်ကို တည်ငြိမ်အောင် ထိန်းချုပ်၍ ဂိတ်တံခါးကို ဖြတ်လျှောက်သွားလိုက်ပါတော့သည်။

ဂိတ်တံခါးကို ဖြတ်ကျော်လိုက်သည်နှင့်
ပတ်ပတ်လည်တွင် အကန့်အသတ်မဲ့
အဖြူရောင်ကမ္ဘာကြီးကိုသာမြင်လိုက်ရပြီး
မည်သည့်အရာကိုမှ ရှင်းလင်းစွာ မြင်နိုင်ပေ။

ရုတ်တရက်ဆိုသလိုပင်၊ ယန်ယဲ့သည်
တစ်စုံတစ်ခုကို သတိပြုမိသွားပုံရပြီး
မျက်နှာထက်၌ အံ့အားသင့်တုန်လှုပ်ဟန်များ
ပေါ်လာလေသည်။

အဘယ်ကြောင့်ဆိုသော် လက်ရှိသူက
စိတ်အာရုံအသိမဟုတ်ဘဲ

မူလခန္ဓာကိုယ်အစစ်ဖြင့်ဝင်ရောက်လာသော ကြောင့်ပင်။

"ဘာဖြစ်နေတာလဲ? ငါ့ခန္ဓာကိုယ်ထဲမှာရှိတဲ့ ဆန်းကြယ်ရွှေချိကန်ထဲကို ငါဘယ်လိုဝင်နိုင်တာလဲ?"

ယန်ယွဲ့ သည် ထိုအထူးအဆန်း အခြေအနေကိုတွေးတောရင်း သူ့စိတ်ထဲ၌ မေးခွန်းများစွာဖြင့် ပြည့်နှက်နေသည်။

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၉၅ – ပြန်လည်မွေးဖွားလာသည့်ခန္ဓာကိုယ်

ဤအခိုက်တွင် သူ့အမြင်အာရုံထဲ၌ လူကြီးလက်မောင်းအရွယ်အစားခန့် အနက်ရောင်စေတီတစ်ဆူ ပေါ်လာခဲ့သည်။

အနက်ရောင်စေတီငယ်က တဖြည်းဖြည်းနှင့်
အရွယ်အစားကြီးမားလာပြီး
အချိန်အနည်းငယ်အတွင်းမှာပင် အမြင့် ၃
ကီလိုမီတာ၊ အကျယ် မီတာ ၆၀၀ ခန့်
အနက်ရောင်စေတီကြီးအဖြစ်ပြောင်းလဲသွားပါ
တော့သည်။

တစ်ချိန်တည်းတွင်
အလွန်ကြောက်မက်ဖွယ်ကောင်းသည့်
ရှေးဦးအငွေ့အသက်တစ်ခုက ယန်ယဲ့
၏မျက်နှာကို
လာရောက်ရိုက်ခတ်နေလေသည်။

ယန်ယဲ့သည် ဤအငွေ့အသက်ကို သတိပြုမိပြီး မျက်စိမျက်မှာပျက်၊
အကြီးအကျယ်ထိတ်လန့်သွားကာ
လုံးဝမခုခံနိုင်တော့ဘဲ ဒူးများ
စတင်ကွေးညွတ်လာသည်။

သို့သော်၊ သူ့ဒူးနှစ်ဖက်လုံး မြေပြင်နှင့်
ထိကပ်တော့မည့်အချိန်တွင် ယန်ယဲ့
၏ခန္ဓာကိုယ်ထဲကနေ အဆင့် ၉ ဓားစိတ်ဆန္ဒ
တိုက်ရိုက်ပေါက်ကွဲထွက်လာလေသည်။

တစ်ဆက်တည်း ယန်ယဲ့ က

ဓားနယ်မြေကိုပါထုတ်ဖော်၍ အဆင့် ၉

ဓားစိတ်ဆန္ဒ နှင့်ပေါင်းစပ်ကာ သူ့ကိုယ်ပေါ်

ဖိနှိပ်နေသည့် ရှေးဦးအငွေ့အသက်ကို

ခုခံလိုက်ပါသည်။

သို့သော်လည်း၊ ရုတ်တရက်ဆိုသလိုပင်

မမြင်နိုင်သောဖိအားက သူ့ကိုယ်ပေါ်

ရောမတောင်ကြီးတစ်လုံး ပြိုကျလာသကဲ့သို့

ခံစားလိုက်ရသည်။

မမြင်နိုင်သောဖိအားက သူ့ကိုယ်ပေါ်

အပြင်းအထန် ဖိနှိပ်လာသဖြင့် ခန္ဓာကိုယ်အနှံ့

အရိုးအက်ကွဲသံများပင်
ထွက်ပေါ်လာတော့သည်။

ယန်ယဲ့ သည် ခန္ဓာကိုယ်တစ်ခုလုံး
နာကျင်နေပြီးအသက်ရှူရပ်မတတ်
ခံစားမှုကြောင့် အံကြိတ်ကာ
မတ်တပ်ထရပ်ရန်ပြင်လိုက်သည်။

သို့သော်လည်း၊ သူ့ကြိုးစားမှုအားလုံးက
အချည်းနှီးပင်။

ဤအချိန်မှာပင် သူ့အပေါ် ဖိနှိပ်နေသည့်
မမြင်နိုင်သောဖိအားက ပို၍ပင်
ပြင်းထန်လာကာ ဒူးနှစ်ဖက်လုံး မြေပြင်နှင့် ၂၀
စင်တီမီတာခန့်သာကွာတော့၏။

“အား!!!” ယန်ယဲ့သည်
ဒေါသတကြီးအော်ဟစ်လိုက်ကာ ဖိအားများကို
ခုခံရန် သူ့ခန္ဓာကိုယ်မှ ရှိရှိသမျှခွန်အားကို
အကုန်အစင် ထုတ်ဖော်လိုက်ပါသည်။

"ငါယန်ယဲ့က ဘဝတစ်လျှောက်လုံး ကောင်းကင်ကြီးရှေ့မှာ ဘယ်တော့မှ ဒူးမထောက်ဖူးသလို မြေကြီးရှေ့မှာလည်း ဒူးမထောက်ဖူးဘူးဆိုမှတော့ အခု ဘယ်လို ဒူးထောက်နိုင်မှာလဲ? ငါယန်ယဲ့က သေဖို့ဆိုရင်တောင် သေခြင်းကို တိုက်ရိုက်ငြင်းဆန်တယ်။"

"ဒူးထောက်ခြင်းက မည်သည့်အရာကို ကိုယ်စားပြုပါသနည်း?"

ရှုံးနိမ့်ခြင်းကို ကိုယ်စားပြုသည်
မဟုတ်ပါလော?

လက်နက်ချအညံ့ခံခြင်းကို ဆိုလိုသည်။
စွန့်လွှတ်ခြင်းကို ဆိုလိုသည် မဟုတ်သလော?

"ငါ့ ဓားတာအိုက ဘာလဲ?
ဓားကျိုးပဲ့သွားရင်တောင် ဘယ်တော့မှ
အရှုံးမပေးဘဲနဲ့ ရှေ့ကိုပဲ သတ္တိရှိရှိ
ဆက်ပြီးတက်လာတဲ့သူ!"

ထို့ကြောင့် မည်သို့ပင်ဖြစ်စေ ယန်ယဲ့ဟာ
ဒူးထောက်ရန်ကို လုံးဝ ငြင်းဆန်လိုက်သည်။

သို့သော် ဖိအားက လျော့ကျသွားခြင်းမရှိပေ။
ဤအချိန်တွင် ယန်ယဲ့အနေဖြင့် သူ့ခန္ဓာကိုယ်ကို
အတတ်နိုင်ဆုံး တည်ငြိမ်အောင်
မနည်းကြိုးစားပြီး ထိန်းချုပ်နေရသည်။

ယန်ယဲ့သည် မတ်တပ်ရပ်ရန်
အဆက်မပြတ်ထလာလိုက်သော်ငြား

သူ့ခန္ဓာကိုယ်က (၅,၀၀၀) ကီလိုဂရမ်လောက်
လေးလံနေသကဲ့သို့ခံစားလိုက်ရသည်။
မတ်တပ်ရပ်ရန်ကိုအသာထား၊ အနည်းငယ်
လှုပ်ရှားရန်ပင် ခက်ခဲနေခဲ့လေသည်။

ခရက်!

ယန်ယွဲ့ ၏ခန္ဓာကိုယ်ထဲမှ အက်ကွဲသံ
ထွက်ပေါ်လာပြီး မရေတွက်နိုင်အောင်
ကြည်လင်သည့် အက်ကွဲကြောင်းများက

သူ့ခန္ဓာကိုယ် ပေါ်တွင် ပင့်ကူမျှင်ကဲ့သို့ ထပ်လာပါသည်။

သူ့တစ်ကိုယ်လုံး အရိုးများ တစ်လက်မချင်းစီ ကွဲအက်လာသဖြင့် ယန်ယဲ ၏မျက်လုံးထဲ၌ ထိတ်လန့်တကြားအမူအရာများ ပေါ်လာခဲ့သည်။

"ဒီအနက်ရောင်စေတီက ဘာလုပ်ဖို့ ကြိုးစားနေတာလဲ?.

မကြာခင်မှာပဲ ခန္ဓာကိုယ် နှံ့

အရိုးများအားလုံးကျိုးကြေကာ ယန်ယဲ့

၏ခန္ဓာကိုယ်က မြေပြင်ပေါ်

လဲကျသွားလေတော့သည်။

ထို့အပြင် သူ့ခန္ဓာကိုယ်ပေါ် ရှိ

အရိုးများသာမကဘဲ

ခန္ဓာကိုယ်သွေးကြောများပါ

ပျက်စီးသွားခဲ့လေသည်။

"ပြီးပြီ!" ဤစကားလုံးက ယခုအချိန်တွင်

ယန်ယဲ့ တွေးနေသည့် တစ်ခုတည်းသော အရာ

ပင်ဖြစ်သည်။

အနက်ရောင်စေတီက မည်သည့်အရာကို
လုပ်ဆောင်နေမှန်းမသိသော်ငြား
ယခုအချိန်တွင် သူသည်
အသက်စမ်းရေပင်လျှင် မကုသနိုင်သည့်
ဒုက္ခိတတစ်ဦးဖြစ်သွားတော့မည်ကို ချက်ချင်း
သိလိုက်၏။

တစ်ချိန်တည်းတွင် ဤကဲ့သို့ ပြင်းထန်သော
နာကျင်မှုကြောင့် ယန်ယဲ့ ဟာ ပါးစပ်ကနေ
အသံကုန်ခြစ်အော်လိုက်သလို
ခံစားလိုက်ရလေသည်။

သို့သော် လက်ရှိတွင်
သူ့ပါးစပ်ကိုဖွင့်ဟရန်ပင်ခွန်အားမရှိတော့ပေ။

ဤအရာအားလုံးက
အဆုံးသတ်ဟုတ်ပုံမရသေးပါ။

ယန်ယဲ့ သည် သူ့ခန္ဓာကိုယ်ပေါ် ရှိ
အရေပြားများက မြွေတစ်ကောင်ကဲ့သို့
အရေခွံကွာကျသွားသည်ကို အံ့အားသင့်စွာ
သတိပြုမိလိုက်လေသည်။

တဖန် အရိုးထဲထိ
နက်ရှိုင်းအောင်ဝင်ရောက်သွားသည့်
နာကျင်မှုကို ထပ်မံ၍ ခံစားလိုက်ရပြန်သည်။

ထိုပြင်းထန်သည့် နာကျင်မှုက သူ့ခန္ဓာကိုယ်ကို
ငရဲတစ္ဆေမီးတောက် ဖြင့် သန့်စင်သည်ထက်
၁၀ ဆ ကျော်လောက်
ကြောက်စရာကောင်းလှသည်။

၁၉၆

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၉၆ – တစ်စုံတစ်ယောက်ရှိနေတယ်

ယန်ယဲ့ဟာ ဤအချိန်တွင် အနက်ရောင်စေတီ၏ဖန်တီးသူနှင့် ပိုင်ရှင်များ၊ ဘိုးဘေးများအားလုံးကို ကျိန်ဆဲလိုက်သည်။

မည်သို့ပင်ဖြစ်စေ ဤကဲ့သို့
နှိပ်စက်နေစရာမလိုဘဲ ချက်ချင်း
သတ်ပစ်၍ရသည်မဟုတ်သလော။

မကြာခင်မှာပဲ၊ ယန်ယွဲ့ ၏ခန္ဓာကိုယ်တစ်ခုလုံး
သွေးများ ဖုံးလွှမ်းသွားပါတော့သည်။ သို့ရာတွင်
ယန်ယွဲ့ က အသက်ရှင်နေဆဲပါ။
သေဆုံးသွားခြင်းမရှိသေးပေ။

ထိုအချိန်တွင် အနက်စေတီတော်၏ အလွှာ ၁ မှ တံခါးချပ် ဖြည်းညှင်းစွာပွင့်လာပြီး အတွင်းမှ ခရမ်းရောင်ချီစွမ်းအင်များ ဖြာထွက်လာသည်။

ခရမ်းရောင်ချီစွမ်းအင်များက ယန်ယဲ့ ရှေ့ကိုရောက်လာပြီး ခန္ဓာကိုယ်တစ်ခုလုံး ဖုံးအုပ်လိုက်ပါသည်။

ထို့နောက်တွင် ယန်ယဲ့ ၏စိတ်ထဲ၌ သူ့ခန္ဓာကိုယ်တစ်ခုလုံး ပြောင်းလဲသွားသကဲ့သို့ ခံစားလိုက်ရသည်။

အစပိုင်းတွင် မည်သည့်အရာမှ
သတိမထားမိလိုက်ပေ။ သို့သော်
သိပ်မကြာခင်မှာပဲ တစ်စုံတစ်ခု
ထူးဆန်းနေသည်ကို သတိပြုမိလိုက်လေသည်။

"ငါ့ခန္ဓာကိုယ်က အရိုးသစ်တွေ
ပေါက်နေတာပဲ။ အနက်ရောင်စေတီက
ငါ့ရဲ့အရိုးတွေကို
ပြန်ပြီးတည်ဆောက်ပေးနေတာလား?"

ချက်ချင်းပင် ယန်ယဲ့ ၏မျက်လုံးထဲ၌
ပျော်ရွှင်နေသည့် အမူအရာများ ပေါ်လာသည်။

သိပ်မကြာခင်မှာပင်၊ ယန်ယဲ့ ၏ခန္ဓာကိုယ်ထဲရှိ
အရိုးများက
တဖြည်းဖြည်းကြီးထွားလာခဲ့ပါသည်။

သို့သော် ပြန်လည် မွေးဖွားလာသည့်
(အစားထိုးအသစ်ပြုပြင်လိုက်သည့်)အရိုးများ
က အဖြူရောင်မဟုတ်ဘဲ ခရမ်းရောင်အရိုးများ
ဖြစ်နေလေသည်။

ထို့အပြင် အရိုးများက
ခရမ်းရောင်အရိုးများအဖြစ်ပြောင်းလဲသွားရုံ
သာမကဘဲ ခန္ဓာကိုယ်သွေးကြောများပါ
ခရမ်းရောင်သွေးကြောများအဖြစ်
ပြောင်းလဲကာ မူလထက်ပင်
အရွယ်အစားကြီးမားသည်။

ဤသို့ဖြင့်။ တဖြည်းဖြည်းနှင့် အချိန်များ
တရွေ့ရွေ့ကုန်ဆုံးလာ၏။

ဤအတောအတွင်း ယန်ယဲ့
၏ခန္ဓာကိုယ်ကလည်း တဖြည်းဖြည်းနှင့်
ပြန်လည်တည်ဆောက်နေပါသည်။
ကံကောင်းစွာဖြင့်ပင် သူ၏အသားအရေက
ခရမ်းရောင်မဟုတ်ပေ၊
မူလပုံစံအတိုင်းသာဖြစ်သည်။

ခဏအကြာတွင် ယန်ယဲ့ က မတ်တပ်ထရပ်ပြီး
သူ့ခန္ဓာကိုယ်ကို ဆန့်ထုတ်လိုက်ရာ
ခန္ဓာကိုယ်အနှံ့ ဖြိုးဖြိုးဖြစ်ဖြစ် မြည်သံများပင်
ထွက်လာသည်။

တစ်ဆက်တည်း သူ့လက်ကို ဆန့်၍
ရင်ဘတ်ကိုထိလိုက်သော်လည်း
မည်သည့်ထူးခြားမှုကိုမှ မခံစားရပေ။
တစ်ချိန်တည်းတွင် သူ့စိတ်ထဲ၌
လေးလေးနက်နက်စဉ်းစားနေရင်းဖြင့်
ရုတ်ချည်းဆိုသလို လေထုထဲသို့
လက်သီးတစ်ချက် ထိုးချလိုက်၏။

အုန်း!

လက်သီးချက်က လေထုကို
ထိုးချလိုက်သောအခါ အာကာသဟင်းလင်းပြင်
က ချက်ချင်းပင် ကွဲအက်သွားသည့်
အရိပ်အယောင်များ ပေါ်လာကာ
အက်ကြောင်းများ ထပ်လာသည်ကို
မြင်လိုက်ရသည်။

"ဘယ်လောက်တောင် သန်မာလိုက်သလဲ!"
ယန်ယဲ့ သည် သူ့ရှေ့မှမြင်ကွင်းကို
ကြည့်နေရင်း တဖန် သူ့လက်သီးကို
စိုက်ကြည့်ကာ မျက်လုံးထဲတွင်

စိတ်လှုပ်ရှားနေသည့် အရောင်များ
တလက်လက်တောက်ပလာလေသည်။

"နောက်ဆုံးတော့၊ တကယ်ကို....."
သူထုတ်ဖော်လိုက်သည့်
သာမန်လက်သီးတစ်ချက်က လေထုကို
ကွဲအက်သွားစေသည်လား?

ဤအရာက မည်သည်ကို
ကိုယ်စားပြုပါသနည်း? သူ၏ရုပ်ခန္ဓာခွန်အား
က တာအိုရတနာလက်နက် အချို့နှင့်
ညီမျှနေသည်ဟု ဆိုလိုခြင်းပင်မဟုတ်သလော။

ရုတ်တရက် သူ့လက်ကို ဝှေ့ယမ်းကာ ဓားတစ်လက်ကို ထုတ်ယူပြီး သူ့လက်မောင်းကို ပြန်၍ခုတ်ချလိုက်သည်။

ချွင်!

ဓားက လက်မောင်းကိုခုတ်ပိုင်းချလိုက်သော်လည်း မည်သည့်ဒဏ်ရာမှ မရရှိခဲ့ပေ။ ထိုအစား

ကျယ်လောင်သည့် သတ္တုသံသာ
ပဲ့တင်ထပ်လာ၏။

ယန်ယဲ့ သည် သူ့လက်မောင်းကို စိုက်ကြည့်ရင်း
ဒဏ်ရာအနည်းငယ်မျှပင် မရသည်ကို
သတိပြုမိပြီး အလွန် အံ့သြသွားလေသည်။

"ငါ့ခန္ဓာကိုယ်က ဒီလောက်အတိုင်းအတာအထိ
သန်မာနေပြီလား? ယန်ယဲ့ သည် သူ့ကိုယ်သူ
ပင် အနည်းငယ် မယုံကြည်နိုင်ဖြစ်သွား၏။

အကယ်၍ လူသားကြောရာဇ်ချပ်ဝတ်နှင့်
ပေါင်းစပ်လိုက်လျှင် သူ၏ လက်ရှိခန္ဓာကိုယ်က
မတူညီသောအဆင့်သို့ ရောက်ရှိသွားပေမည်။

တစ်နည်းဆိုရလျှင် သူ၏ရုပ်ခန္ဓာက အဆင့်နိမ့်
သိုင်းကြောရာဇ် အချို့နှင့် တန်းတူဖြစ်သည်။

ထို့နောက်တွင် သူ့ခေါင်းကိုမော့၍
အနက်ရောင်စေတီကြီးကို ကြည့်လိုက်ရာ
ပထမအလွှာ( '鸿蒙塔' ) ဟူသော စေတီ၏

တံခါးဝတွင် ထင်ထင်ရှားရှားစာလုံးကြီး ၃ လုံး ရေးထားသည်ကို သတိပြုမိလိုက်သည်။

ယန်ယဲ့ သည် အနက်ရောင်စေတီ ၏ပထမအလွှာဟူသော တံခါးဝကို မဝင်ရောက်ခင် အချိန်တော်တော်ကြာထိ လေးလေးနက်နက် စဉ်းစားနေခဲ့သည်။

ဤအခိုက်တွင် သူ့လက်ထဲမှ လူသားကေရာဇ်ချပ်ဝတ် နှင့် လူသားကေရာဇ်တံဆိပ်တော် က ပြင်းထန်စွာ တုန်ခါလာပြီး တံခါးဝကို ဖြတ်ကျော်ခြင်းမပြုရန်တားဆီးနေ၏။

ထိုအချိန်တွင်
လူသားကောရာဇ်ချပ်ဝတ်အတွင်းမှရွှေရောင်န ဂါးလေးတစ်ကောင် ပျံထွက်လာခဲ့သည်။

ရွှေရောင်နဂါးလေးက ယန်ယွဲ့ ၏ပုခုံးပေါ်သို့ ပျံတက်သွားပြီး စေတီတံခါးအား ထိတ်လန့်စွာကြည့်ရင်း ယန်ယွဲ့ ၏ပုခုံးကို လက်သည်းများဖြင့် တင်းတင်းဆုပ်ကိုင်လိုက်သည်။

ထို့အပြင် ယန်ယွဲ့ အား အထဲသို့မဝင်ရန်ပြောနေသကဲ့သို့ ခေါင်းကို အဆက်မပြတ်ယမ်းနေလေသည်။

ယန်ယဲ့ လည်း ချက်ချင်း မျက်မှောင်ကြုတ်လိုက်သည်။ ရွှေနဂါးလေးက ၎င်းအတွက် ခြိမ်းခြောက်သည့်အရာများကို အလိုလို ငြင်းပယ်ခဲ့သည်။

တစ်နည်းဆိုရသော် တံခါးနောက်ကွယ်တွင် ရွှေနဂါးလေးကို အန္တရာယ်ဖြစ်စေသည့် တစ်စုံတစ်ခု ရှိနေ၏၊ သို့တည်းမဟုတ် ၎င်းက တံခါးနောက်ကွယ်မှ ပြင်းထန်သည့်တည်ရှိမှုကို အာရုံခံမိလိုက်ပုံပါ။

"ဟားဟား! ဘာများလို့လဲ? မင်းက တံခါးဝရောက်နေပြီပဲ။ အခုထိ ဝင်လာဖို့ ငြင်းနေတုန်းပဲလား?" ထိုအချိန်တွင် အတွင်းပိုင်းမှ ရယ်သံတစ်ခု ထွက်ပေါ်လာသည်။

ယန်ယဲ့ ၏မျက်လုံးများ က ချက်ချင်းဆိုသလိုပင် ကျဉ်းမြောင်းသွားပါတော့သည်။ "ထင်ထားတဲ့အတိုင်း တကယ်ပဲ အထဲမှာ တစ်စုံတစ်ယောက် ရှိနေတယ်။ ဘယ်သူလဲ? အထဲမှာ ရှိနေတဲ့သူက ဘယ်သူလဲ?"

၅၉၇

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၉၇ – ဆန်းကြယ်ရှေးချီကန်

(မူလစေတီ)၏ မူလအစ

ယန်ယဲ့ က အသက်ပြင်းပြင်းရှူပြီး သူ့ရင်ထဲက ထိတ်လန့်မှုကို ထိန်းကာ တံခါးကို ဖြတ်လျှောက်သွားလိုက်သည်။

တံခါးကိုဖြတ်ကျော်ပြီး အတွင်းသို့
ဝင်လိုက်သည်နှင့်
အဖြူတစ်ဝက်အပြာတစ်ဝက်ဝတ်ရုံရှည်ဝတ်
ဆံပင်ဖြူအဘိုးအိုတစ်ဦးက လက်ထဲ၌
မြင်းမြီးယပ်ကို ကိုင်ထားရင်း ပြုံး၍
ရပ်နေသည်ကို တွေ့လိုက်ရသည်။

ယန်ယဲ့ သည် သူ့ရှေ့မှ အဘိုးအို
ကိုကြည့်လိုက်ရာ မူလခန္ဓာကိုယ်
အစစ်အမှန်မဟုတ်ကြောင်း သတိပြုမိသွား၏။

"နတ်ဘုရားပညာရှင်တစ်ဦးရဲ့
ဝိညာဉ်ကြိုးမျှင်လား? ယန်ယဲ့ ၏စိတ်ထဲတွင်
မေးခွန်းများစွာဖြင့် ပြည့်နေကာ
နှလုံးသားတစ်ခုလုံးလည်း
တုန်လှုပ်သွားပါသည်။

ဆံပင်ဖြူ အဘိုးအိုက ယန်ယဲ့ ကို
စိုက်ကြည့်နေရင်းက ရုတ်တရက်
ပြုံးပြလိုက်သည်။ "ကမ္ဘာအသီးသီးရဲ့
ကံကြမ္မာတာအို က တကယ်ကို
ဆန်းကြယ်တာပဲ။ငါ့ရဲ့

ရှေးဟောင်းမူလစေတီက မတူညီတဲ့ကမ္ဘာက တစ်စုံတစ်ယောက်ကို အမှန်တကယ် အသိအမှတ်ပြုခဲ့တယ်။ ဘယ်လောက်စိတ်ဝင်စားဖို့ကောင်းလိုက်သလဲ! "

ဤစကားကို ကြားလိုက်သည့်အခါ ယန်ယွဲ့ က အံ့အားသင့်သွားပြီး "အကြီးအကဲက ဒီနေရာရဲ့ပိုင်ရှင်လား? မဟုတ်ဘူး၊ အကြီးအကဲ က ဒီမူလစေတီရဲ့ ပိုင်ရှင်လား?

"အတိက ငါဖြစ်ခဲ့တယ်!" ဆံပင်ဖြူ အဘိုးအိုက ပြုံးပြသည်။ “ဒါပေမယ့် အခုမဟုတ်တော့ဘူး။ ဘာလို့လဲဆိုတော့ မင်းကို အသိအမှတ်ပြုပြီးပြီ။ ဒီတော့ မင်းက သူ့ရဲ့ပိုင်ရှင်ဖြစ်နေပြီ။ ကံမကောင်းစွာပဲ၊ မင်းက အရမ်းအားနည်းနေတယ်။ ပထမအလွှာကိုတောင် ဖွင့်ဖို့ အတော်လေး ခက်နေပြီ။ ဒါပေမဲ့ အဆင်ပြေပါတယ်။ မင်းရဲ့ခန္ဓာကိုယ်ကို မူလခရမ်းရောင်ချီစွမ်းအင်က ပြန်ပြီးတည်ဆောက်ပေးထားတယ်။

မင်းက တတိယအလွှာ ကိုရောက်ရင်တော့
အဲဒီက အဆင့်မြင့်နည်းစနစ်တွေကို
ရယူနိုင်တယ်။ ပြီးတော့
နဂါးငွေ့တန်းကြယ်စင်စုကို ဖြတ်ကျော်ပြီး
အာကာသကမ္ဘာကို ရောက်နိုင်မယ်လို့
ငါထင်တယ်!”

"ပထမအဆင့်? တတိယအဆင့်လား?" ယန်ယွဲ့
၏မျက်နှာက
တုန်ယင်နေသောအမူအရာများဖြင့်
ဖုံးလွှမ်းသွားသည်။

“မူလစေတီမှာ အဆင့် ၉ ဆင့်ရှိတယ်။
အဆင့်တိုင်းက ကမ္ဘာတစ်ခုလိုပဲ။ ယခု မင်းက
ပထမအဆင့်ကိုဖွင့်လိုက်ပြီဆိုတော့ ဒီကမ္ဘာရဲ့
ပိုင်ရှင်ဖြစ်သွားပြီ။

ဒီပထမအလွှာမှာရှိတဲ့ ကမ္ဘာက
ဆန်းကြယ်တိုက်ကြီး ထက်
အရွယ်အစားမနိမ့်ဘူး။

မင်းက ဒီမှာရှိတဲ့အရာတွေကို
စိတ်ဝင်စားတယ်ဆိုရင်တော့ တခြားသူတွေကို
ဒီနေရာမှာ နေထိုင်ပြီး ကျင့်ကြံဖို့

ခေါ်လာနိုင်တယ်။" ဆံပင်ဖြူ အဘိုးအိုက ပြုံးပြီး ရှင်းပြသည်။

ယန်ယဲ့ က ရုတ်တရက် သက်ပြင်းချလိုက်မိသည်။ " စေတီရဲ့ ပထမအလွှာကမ္ဘာက ဆန်းကြယ်တိုက်ကြီး ထက်မနိမ့်ကျဘူးလား? ငါက ဒီကမ္ဘာရဲ့ပိုင်ရှင်လား? အိပ်မက်များမက်နေတာလား?"

ဆံပင်ဖြူ အဘိုးအို က ယန်ယဲ့

၏ထိတ်လန့်နေသောအမူအရာကို

စိုက်ကြည့်ရင်း ပြုံးနေလေသည်။ "မင်းရဲ့ကမ္ဘာနဲ့

ယှဉ်လိုက်ရင် ဒီကမ္ဘာက ပိုပြီးကြွယ်ဝတယ်။

ပြီးတော့ မယုံနိုင်စရာကောင်းတဲ့

အဆင့်မြင့်စွမ်းအင်တွေ၊ နည်းစနစ်တွေက

မင်းပိုင်တဲ့ကမ္ဘာထဲမှာ အများကြီးရှိနေတယ်။

အဲဒါက ပုံမှန်ပါပဲ။ဒါပေမဲ့ မူလစေတီကို

ပိုင်ဆိုင်ထားတဲ့သူက

ဒီလိုလျှို့ဝှက်ဆန်းကြယ်တဲ့အရာတွေကို

ပိုပြီးကြုံတွေ့ရမှာဆိုတော့ နောင်ကြရင် မင်းက

ကျင့်သားရသွားလိမ့်မယ်!"

ခဏအကြာတွင် ယန်ယဲ့သည် သူ့ရင်ထဲက ထိတ်လန့်မှုကို ထိန်းချုပ်လိုက်ပြီး "အကြီးအကဲ! ဒီလိုဆို အဆင့်တိုင်းက ကမ္ဘာတစ်ခုခဲ့တူတယ်လို့ ပြောတာ။ တစ်နည်းပြောရမယ်ဆိုရင် မူလစေတီမှာ လောက(၉)ပါးရှိနေတာလား?"

အဘိုးအိုက ခေါင်းညိတ်လိုက်သည်။ “အဆင့်တစ်ခုစီက ကမ္ဘာတစ်ခုကို ကိုယ်စားပြုတယ်၊ ကမ္ဘာတိုင်းက အဆင့်တစ်ခုနဲ့တစ်ခု မတူညီကြဘူး။

နောက်ဆုံးအဆင့်မှာ ဒီကမ္ဘာထက် ပိုကြွယ်ဝတဲ့ ဝိညာဉ်စွမ်းအင်တွေရှိတယ်။

ဒီအတိုင်းထားလိုက်ပါဦး။ တကယ်လို့ မင်းက အဆင့် ၁ မှာ သူတော်စင်အဆင့်ကို ရောက်ဖို့ နှစ်(၁,၀၀၀)ကြာမယ်ဆိုရင် အဆင့် ၂ မှာ နှစ် (၉၀၀)ပဲ ကြာနိုင်တယ်။ လူတစ်ယောက်ရဲ့ သဘာဝစွမ်းရည်က ကောင်းတယ်ဆိုရင် အဆင့် ၉ မှာ နှစ် (၁၀၀)ထက် နည်းနည်းပဲ အချိန်ယူရလိမ့်မယ်။”

ယန်ယဲ့ ၏နှလုံးသားက ထပ်မံ၍
တုန်လှုပ်သွားပြန်သည်။

ဤမူလစေတီက အလွန်အမင်း
ကြောက်စရာကောင်းနေသည် မဟုတ်ပါလား?

လူသားကေရာဇ်ဓား နှင့် ဆန်းကြယ်တိုက်ကြီး
၏သဘာဝတာအိုရတနာလက်နက်များအားလုံး
က မူလစေတီ နှင့် ယှဉ်လျှင် လုံးဝကို
အမှိုက်ဖြစ်သည်။

ယန်ယဲ့ က ရုတ်တရက် သူ့စိတ်ထဲ၌
သိချင်နေသော မေးခွန်းကို မေးလိုက်၏။

"အကြီးအကဲ! တစ်ခုလောက်မေးချင်လို့။
အကြီးအကဲ နဲ့ ဒီမူလစေတီနှစ်ခုလုံး ဒီကမ္ဘာက
မဟုတ်ဘူးဆိုတော့ ဘာလို့ ဒီမှာပေါ်လာတာလဲ?
ဒါ့အပြင် ဒီစေတီက ငါ့ကို ဘာကြောင့်ရွေးချယ်
တာလဲ?"

အဘိုးအိုက "မတော်တဆဖြစ်ရတာ။
လွန်ခဲ့တဲ့နှစ်တွေတုန်းက အဲဒီကလေးမလေးက
ငါ့ဆီကဆေးလုံးတွေကို ခိုးယူဖို့ ငါ့နေရာကို
လာတယ်လေ။
ဒီမူလစေတီကိုသတိထားမိတော့ တစ်ခါတည်း
ယူသွားခဲ့တာ။ ဟုတ်တယ်၊ အဓိက

အကြောင်းအရင်းကတော့ ဒီစေတီက
လောကအပြင်ဖက်ကိုထွက်ချင်နေလို့ သူတို့က
မြန်မြန်ဆန်ဆန် မိတ်ဆွေဖြစ်သွားတယ်။
ဒါပေမဲ့ ဒီဟာလေးနှစ်ကောင်က
ကမ္ဘာကိုဖြတ်သွားနေတဲ့အချိန်မှာ
သူတို့ရဲ့ခွန်အားကို မထိန်းနိုင်ဘဲ
အာကာသတွင်းနက်ထဲကို ကျသွားတယ်။
အဲဒီနောက် သူတို့က ဒီကမ္ဘာကို
ရောက်လာတာပဲ။”

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၉၈ – မင်းရဲ့တာဝန်ပဲ။

"ဒီတော့ အဲဒီကလေးမလေးက တရားခံဖြစ်သွားတာပေါ့။" ယန်ယဲ့က အလွန် ပျော်ရွှင်သွားသည်။

အဘိုးအိုက ဆက်ပြောသည် ။ "ဘာလို့ မင်းကိုရွေးလိုက်တာလဲ? ဟား ဟား.... ။ အဲဒါက ကောင်းကင်ဘုံရဲ့အလိုတော်လို့ပဲ ပြောလို့ရတယ်။ ဘာလို့လဲ ဆိုတော့ မင်းမှာ ထူးခြားတဲ့ သွေးမျိုးဆက် ရှိတယ်။ ဒီလိုမျိုး သွေးမျိုးဆက်ရှိတဲ့သူက အဲဒီနေရာနဲ့ ဘယ်လိုဖြစ်ပြီး ဝေးကွာနေရတဲ့ အကြောင်းရင်းကိုတောင် ငါသိချင်နေမိတယ်။ ကံမကောင်းစွာပဲ ငါက ဒီနေရမှာရှိနေတဲ့ အသိစိတ်အာရုံတစ်စပဲဖြစ်နေတယ်။ မင်းရဲ့အကြောင်းအရင်းကို စစ်ဆေးကြည့်ဖို့ အချိန်တာအိုကို အသုံးပြုလို့မရခဲ့ဘူး။"

"ငါ့မှာ အထူးသွေးမျိုးဆက်ရှိနေတာလား?"
ယန်သည် အဘိုးအို ၏စကားကို
ကြားလိုက်သောအခါပို၍ပင်
ပဟေဠိဆန်လာသည်။

အဘိုးအိုက ပြုံးပြီးပြောလာခဲ့သည်။
“ဒီလောကက မင်းကို ဘာကြောင့်
ငြင်းပယ်ခဲ့တာလဲ သိလား?
ဘာကြောင့်လဲဆိုတော့ မင်းက ဒီလောကနဲ့
လုံးဝမသက်ဆိုင်လို့ပဲ။

မင်း အရင်တုန်းက အရမ်းအားနည်းလို့ ကမ္ဘာက သတိမထားမိလိုက်ဘူး။

အခုတော့ မင်းရဲ့ခွန်အားက အဆင့်တစ်ခုကိုရောက်သွားပြီ။ ဒါကြောင့် ဒီကမ္ဘာ ရဲ့အဆင့်အတန်းက မင်းရဲ့တည်ရှိမှုကို ဘယ်လိုမှ ခံနိုင်ရည်မရှိဘူး။

ဘာလို့လဲဆိုတော့ မင်းဟာ ဒီကမ္ဘာကြီးကို ကျူးကျော်သူလိုပဲ။ တစ်နည်းပြောရရင် မင်းက အပြင်လူဖြစ်နေလို့။"

အဲဒါကြောင့်လား?

ယန်ယဲ့ သည် အဘိုးအို ၏ရှင်းပြချက်ကို နားထောင်ပြီးနောက်မှသာ အရာအားလုံးကို နားလည်သွားခဲ့ပါသည်။

အစပိုင်းတွင် လူသားကောရာ၏ လော့ကျန်း မွေးဖွားလာသဖြင့် ကမ္ဘာကြီးက သူ၏တည်ရှိမှုကို ငြင်းဆန်ခဲ့သည်ဟုသာ ထင်ထားခဲ့သည်။

သို့ရာတွင် သူက ပြင်ပလောကကနေ ရောက်ရှိလာသောကြောင့်ဟု မည်သည့်အခါမှ တွေးပင်မတွေးခဲ့ပေ။

"ဒါပေမယ့် ငါက ဒီကမ္ဘာကနေပြီးမွေးဖွားခဲ့တာ။ ဒီကမ္ဘာက ကလေးမလေးနဲ့ ဒီအဘိုးကြီးလို ကမ္ဘာက မဟုတ်တာလား။ ဒါဆို ငါ့အမေနဲ့ ညီမလေးကရော?"

ယန်ယဲ့ က အတော်လေး စိတ်ရှုပ်သွား၏။

ထိုအတောအတွင်း အဘိုးအိုက “စေတီရဲ့
အဆင့်တိုင်းမှာ သိမ်းဆည်းထားတဲ့
အရာတချို့ရှိတယ်။ပထမအလွှာက
စစ်မှန်တဲ့ခရမ်းရောင်ချီစွမ်းအင်ကို
ငါသိမ်းဆည်းထားတဲ့နေရာပဲ။ အဲဒီ
ခရမ်းရောင်ချီစွမ်းအင်က
မင်းရဲ့ခန္ဓာကိုယ်ထဲမှာရှိတဲ့
ခရမ်းရောင်ဆန်းကြယ်စွမ်းအင်နဲ့
နှိုင်းယှဉ်နိုင်တဲ့အရာ မဟုတ်ဘူး။
ပြောရရင် ပထမအလွှာ
ရဲ့ခရမ်းရောင်ချီစွမ်းအင်က နှစ်

(၁,၀၀၀)လောက်

သန့်စင်ပြီးမှရလာတဲ့အရာတစ်ခုလေ။

အစတုန်းက ငါ

"ပြန်လည်မွေးဖွားခြင်းဆေးလုံး" သန့်စင်ဖို့

ပြင်ဆင်ထားပေမဲ့ အခု မင်းက

အကျိုးအမြတ်ရသွားပြီ။ အခုလက်ရှိမှာ

မင်းရဲ့ခန္ဓာကိုယ်က "အင်မော်တယ်အဆင့်"ကို

ရောက်နေပြီ။  မင်းရဲ့ ဝိညာဉ်

ပျက်သွားရင်တောင် မင်းရဲ့ ရုပ်ခန္ဓာက ထာဝရ

တည်ရှိနေပြီ!"

ယန်ယွဲ့ က သူ့နှာခေါင်းကို ပွတ်လိုက်ပြီး
အနည်းငယ်ရှက်သွားသလို ခံစားလိုက်ရသည်။
အဘိုးအိုသည် ၎င်းကိုဖန်တီးရန် အနှစ်
(၁,၀၀၀)ကျော် အချိန်ယူခဲ့ရသော်လည်း သူက
၎င်းကို အသာလေး ရယူခဲ့သည်။

ဤအခိုက်တွင် ယန်ယွဲ့ က သူ့ကိုယ်သူ တွေးပြီး
အလွန်ရှက်ရွံ့နေလေသည်။
သို့သော် သူ့စိတ်ထဲတွင်လည်း
ကျေနပ်ပျော်ရွှင်နေသလို ခံစားမိသည်။

ဆံပင်ဖြူ အဘိုးအိုက ဆက်ပြောလေသည်။ ။

“နတ်ဆေးလုံးတချို့နဲ့

အင်မော်တယ်လက်နက်တချို့ကို

ဒုတိယအဆင့်မှာ သိမ်းထားတယ်။ အဲဒီအရာ

မင်းကို တော်တော်လေး

အထောက်အကူပြုလိမ့်မယ်။

ဒါပေမဲ့ မင်းရဲ့လက်ရှိခွန်အားက

ဒုတိယအဆင့်ကိုဖွင့်ဖို့ လုံးဝမဖြစ်နိုင်ဘူး။

မင်းနေတဲ့ကမ္ဘာရဲ့ သိုင်းကျေရာဇ် လို့ ခေါ်တဲ့

အဆင့်ကို ရောက်တာနဲ့ စမ်းကြည့်လို့ ရတယ်။

တတိယအဆင့်မှာတော့

တာအိုအဆင့်မြင့်နည်းစနစ်အနည်းငယ်ရှိတယ်။

ဒါပေမဲ့ မင်းက အဲဒါတွေကို အခု ရနိုင်မှာမဟုတ်ဘူး။"

"အကြီးအကဲ! ဒါဆို ၄၊ ၅၊...... ၉ အလွှာတွေ ကရော ဘယ်လိုလဲ?" ယန်ယဲ့ က သိချင်စိတ်ပြင်းပြစွာ မေးလိုက်သည်။

အဘိုးအိုက ပြုံးသည်။
"လောဘကြီးတဲ့ကလေး၊ မင်းရဲ့လက်ရှိခွန်အားနဲ့တတ်နိုင်တာထက်ကိုမကျော်ချင်ပါနဲ့။

မင်းရဲ့ကျင့်ကြံမှုက သက်ဆိုင်တဲ့အဆင့်ကို
ရောက်တဲ့အခါ အဲဒီအထဲမှာ
ဘာတွေရှိလဲဆိုတာ အလိုလိုသိလာလိမ့်မယ်။

အခုငါပြောမယ့်အရာကို သတိရပါ။
အရင်ဦးဆုံး မင်းက ဒုတိယအလွှာကို
ဝင်ရောက်ပြီး နတ်ဆေးလုံးတွေနဲ့
အင်မော်တယ်လက်နက်တွေကို အရယူဖို့
မြန်မြန်လုပ်သင့်တယ်။

မင်းရဲ့ ဒီကမ္ဘာကြီး
ပျက်စီးလုနီးပါးဖြစ်နေပြီဆိုတော့
ကိုယ့်ကိုကိုယ် ကာကွယ်ဖို့အတွက်
လုံလောက်တဲ့ ခွန်အားတွေ

ပိုင်ဆိုင်ထားမှုရမယ်။ ဒုတိယအနေနဲ့ နံပါတ်(၇) မင်းသမီးလေးကို သေချာဂရုစိုက်ပါ။မင်း တတိယအဆင့်ကို ဝင်ရောက်ပြီးတာနဲ့ အဲဒီက တာအိုအဆင့်မြင့်နည်းစနစ်တွေကို ယူလိုက်။ ပြီးရင် သူမကို အန္တရာယ်ကင်းကင်းနဲ့ အိမ်ပြန်ပို့ပေးပါ။ ဒါမဟုတ်ဘူး၊ မင်းက သူမနဲ့အတူ အိမ်ပြန်သင့်တယ်လို့ပြောရမယ်။"

"အကြီးအကဲ! ...အကြီးအကဲ ရဲ့ ခွန်အားနဲ့တောင် သူမကို ပြန်မပို့ပေးနိုင်ဘူးလား?" ယန်ယဲ့ က ဆံပင်ဖြူအဘိုးအို ကို မေးလိုက်၏။

ဆံပင်ဖြူ အဘိုးအိုက ခေါင်းခါပြပြီး “အခု မင်းရှေ့မှာ ရပ်နေတဲ့ငါက ငါ့အသိစိတ်ရဲ့ ကြိုးမျှင်ပဲလေ။

ဒီကလေးမလေးကို ရှာတွေ့ဖို့အတွက် မရေမတွက်နိုင်တဲ့ စကြဝဠာအတွင်းမှာရှိတဲ့ ငါ့ရဲ့အသိစိတ်တွေကို စုစည်းမှုရမယ်။

အဲဒီအသိစိတ်က ငါ့ကမ္ဘာကို အဆင်ပြေပြေစုစည်းနိုင်မှပဲ ဖရိုဖရဲအာကာသကိုဖြတ်ပြီး သူမကို ငါနဲ့အတူ ပြန်ခေါ်သွားနိုင်မှာ။

ဒါပေမဲ့ ငါ့ရဲ့အသိစိတ်တစ်ခုလုံးကို ပြန်ခေါ် ဖို့မဖြစ်နိုင်ဘူး။ အာကာသရဲ့ အကန့်အသတ်မဲ့ ဥပဒေသတွေကို အချိန်ယူပြီး ဖြတ်ကျော်ရမဲ့အပြင်ကို မရေမတွက်နိုင်တဲ့ အန္တရာယ်တွေပါရှိနေသေးတယ်။ ဒီတော့ ငါက သူ့ကို အိမ်ပြန်ပို့ဖို့ မင်းဆီမှာပဲ တာဝန် အပ်ထားနိုင်တယ်။ နားလည်ရဲ့လား?"

ယန်ယဲ့ က ခေါင်းညိတ်ပြီး ပြောလိုက်ပါသည်။
" စီနီယာ ဆီက ဒီလို အကျိုးကျေးဇူးတွေ ရခဲ့တယ် ဆိုတော့ အဲဒါကို စီနီယာပြောထားတဲ့ကိစ္စကို သေချာပေါက်

ကူညီမှာပါ။ စိတ်မပူပါနဲ့၊ ငါ ပိုပြီးသန်မာလာဖို့ အစွမ်းကုန်ကြိုးစားမယ်။ ပြီးရင် အဆင့် ၃ ကို အမြန်ဆုံးရောက်နိုင်အောင်လုပ်ပြီး သူမကို အိမ်ပြန်ခေါ်သွားနိုင်အောင် ကြိုးစားပါ့မယ်။"

အဘိုးအိုက ခေါင်းညိတ်ပြရင်း ပြုံးလိုက်သည်။ "လက်ရှိငါက အသိစိတ်ကြိုးမျှင်လေးပဲ၊ ဒါကြောင့် ငါဘာမှ ယူလာလို့မရဘူး။ မင်းကို ရတနာတွေလည်း မပေးနိုင်ဘူး။ ဒါပေမဲ့ တခြားကဏ္ဍတွေမှာ ငါ မင်းကို ကူညီနိုင်သေးတယ်။

မင်းက ဓားကို လေ့ကျင့်တာ
ငါသတိထားမိတယ်၊ မင်းရဲ့
ပင်ကိုယ်စွမ်းရည်က အရမ်းကောင်းပါတယ်။
အဲလိုဆိုတော့ မင်းရဲ့ဓားတာအို မှာ
အဆင့်တစ်ခုတိုးအောင်
ငါကူညီပေးလိုက်မယ်။"

၁၉၉

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၅၉၉ – ပြီးပြည့်စုံသော ဓားစိတ်ဆန္ဒ

ထိုစကားပြောပြီးသည်နှင့် အဘိုးအိုထံမှ ကြောက်စရာကောင်းသော ဖိအားတစ်ခုထွက်လာပြီး ယန်ယဲ့ ကို လွှမ်းခြုံသွားသည်။

ဤဖိအားက အစောပိုင်းတွင် မူလစေတီမှဖိနှိပ်လာသည့် စွမ်းအားနှင့် များစွာ ကွာခြားခြင်းမရှိသော် လည်း ယန်ယဲ့ ၏ခန္ဓာကိုယ်သည် မူလအခြေအနေထက်

များစွာသန်မာလာသောကြောင့် ဖိအားဒဏ်ကို ခုခံနိုင်ခဲ့သည်။

သို့သော် မလွယ်ကူသေးပါ။

"မင်းရဲ့ဓားစိတ်ဆန္ဒ ကို ထုတ်ဖော်လိုက်။" အဘိုးအိုက ပြောလိုက်သည်။

ယန်ယဲ့ သည်လည်း တုန့်တိုင်းမနေပေ၊ အဆင့် ၉ ဓားစိတ်ဆန္ဒ ကို အပြည့်အဝထုတ်ဖော်၍ ဖိအားကို တွန်းထုတ်လိုက်၏။

သို့ရာတွင် သူ၏ အဆင့် ၉ ခါးစိတ်ဆန္ဒ က အဘိုးအို ထံမှ ဖိအားကို လျော့ချနိုင်လိုက်ခြင်းမရှိပေ။

ဆန့်ကျင်တွင် သူ့အပေါ် ဖိနှိပ်ထားသည့် စွမ်းအားဖိနှိပ်မှုက တဖြည်းဖြည်းနှင့် ပို၍ပင် ကြောက်စရာကောင်းလာသည်။

တစ်ချိန်တည်းတွင် ယန်ယဲ့ ၏နဖူးကနေ ချွေးအေးများ စီးကျလာပြီး မကြာခင် သူ့ခန္ဓာကိုယ်တစ်ခုလုံး ရွှဲနစ်သွားတော့သည်။

သို့သော် ရုတ်တရက် သူ၏ ခံစားစိတ်ဆန္ဒ က ထူးဆန်းစွာပင် ပြောင်းလဲသွားကြောင်း သတိပြုမိလိုက်သည်။

မှန်သည်။ ဖိအားက သူ့ကိုယ်ပေါ် ပို၍ပြင်းထန်လာချိန်တွင် သူ၏ခံစားစိတ်ဆန္ဒ ကလည်း အဆက်မပြတ် အသွင်ပြောင်းနေသည်ကို ရှင်းလင်းစွာ ခံစားမိခဲ့သည်။

ဤအခြေအနေကြောင့် ယန်ယွဲ့ ၏စိတ်ထဲ၌ အတော်လေး ဝမ်းသာသွားလေသည်။

ဤအခိုက်တွင် အဘိုးအို က သူ၏ ဓားစိတ်ဆန္ဒ ကို အဆင့်တစ်ခုသို့ မြှင့်တင်ပေးရန် ကူညီနေကြောင်း သတိပြုမိလိုက်ပါတော့သည်။

ယန်ယဲ့ ၏စိတ်ထဲတွင်လည်း သူ၏ ဓားစိတ်ဆန္ဒ က မကြာမီတွင် ပြီးပြည့်စုံသောအဆင့်ကိုရောက်ရှိတော့မည်ဖြစ်ကြောင်း ခံစားမိလေသည်။

ဤအချက်ကို စဉ်းစားမိလိုက်သောအခါ ယန်ယဲ့ က တုန့်ဆိုင်းမနေတော့ပေ၊ အဆင့် ၉

ခားစိတ်ဆန္ဒ ကို အကန့်အသတ်ထိ တိုး၍ ထုတ်ဖော်လိုက်ပါသည်။

မသိနိုင်သောအချိန်တစ်ခုကြာသွားပြီးနောက်တွင် ယန်ယဲ့သည် သူ့ခန္ဓာကိုယ်ပေါ်မှ ဖိအားများပျောက်ကွယ်သွားကြောင်း သတိထားမိလိုက်သည်။

တွမ်....တွမ်....တွမ်!

ဤအချိန်တွင် ယန်ယဲ့ ၏ခန္ဓာကိုယ်ထဲကနေ လက်ညိုးအရွယ်ခန့် ခားမြောက်များစွာထွက်လာလေသည်။

ဤဓားများက

ရတနာလက်နက်များဖြစ်သော်ငြား

တစ်ချိန်တည်းတွင်

သက်ရှိများပမာပင်ထင်ရ၏။

တစ်နည်းဆိုရလျှင် ၎င်းတို့က

အင်မော်တယ်တစ်ဝက်

မော်တယ်တစ်ဝက်(အင်

မော်တယ်တစ်ပိုင်းအဆင့်)လက်နက်များ နှင့်ပင်

တူသည်။

အရေးကြီးဆုံးမှာ ဓားများ ၏အခြေအနေကို

ခွဲခြားရန် မဖြစ်နိုင်ခြင်းပင်။

ဓားအရေအတွက်က

တဖြည်းဖြည်းများပြားလာကာ

အသက်ရှူချိန်နှစ်ရှိုက်စာအတွင်းမှာပင် ယန်ယွဲ့

ကို ဗဟိုပြု၍ ပတ်ဝန်းကျင် ၁

ကီလိုမီတာအကျယ် ဧရိယာတစ်ခုလုံး

ဓားများဖြင့် ဖုံးလွှမ်းသွားခဲ့လေသည်။

"ပြီးပြည့်စုံသော

ဓားစိတ်ဆန္ဒ(ဓားစိတ်ဆန္ဒ၏ပြီးပြည့်စုံသောအ

ဆင့်)၊ အရာအားလုံးက ဓားတစ်လက်ပဲ!”

ယန်ယွဲ့ သည် အသက်ပြင်းပြင်းရှူရင်း

မျက်လုံးထဲ၌ စိတ်လှုပ်ရှားမှုများ ဖျတ်ခနဲ ပေါ်လာသည်။

ဤခြားမြောက်များစွာထဲမှ ခြားတစ်ချောင်းစီက ကောင်းကင်အဆင့်မြင့်ရတနာလက်နက် ထက်ပင် နိမ့်ကျနေခြင်းမရှိပါ။

ဤအခိုက်တွင် သူ့စိတ်ထဲ၌ ခြားစိတ်ဆန္ဒ ကို အသုံးပြုရုံဖြင့် အဆင့် ၅ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်များကို အသာလေးသတ်နိုင်သည်ကိုယုံကြည်ခဲ့သည်။

ထို့နောက်တွင် ယန်ယဲ့ သည် ဆံပင်ဖြူအဘိုးအို
ကို ရိုသေစွာ ဦးညွှတ်ကာ ပြောလိုက်၏။
"ဒီအကူအညီအတွက် ကျေးဇူးတင်ပါတယ်
အကြီးအကဲ!"

ဆံပင်ဖြူ အဘိုးအိုက ပြုံးပြီး “ကောင်းပြီ။ ငါတို့
မကြာခင် ပြန်ဆုံနိုင်မယ်လို့
မျှော်လင့်ပါတယ်။အခုတော့ ဒီမှာပဲ
နှုတ်ဆက်လိုက်ကြတာပေါ့!” အဘိုးအိုက
စကားဆုံးသည်နှင့် နေရာတွင်ပင်
ပျောက်ကွယ်သွားခဲ့သည်။

အဘိုးအို ထွက်သွားပြီးနောက် ယန်ယဲ့သည် နေရာတွင်ပင်ရပ်နေရင်း ခဏကြာထိ ငြိမ်သက်နေလေသည်။

ဤအချိန်တွင် ဖြစ်ပျက်ခဲ့သည့် အရာအားလုံး သူ့အတွက် အိပ်မက်တစ်ခုကဲ့သို့ပင် ခံစားလိုက်ရသည်။

"ထူးခြားတဲ့ သွေးမျိုးဆက်? ဓားစိတ်ဆန္ဒ မှာ ပြီးပြည့်စုံတဲ့အဆင့် ရှိနေတာလား? အဆင့်တစ်ခုစီတိုင်းက ကမ္ဘာတစ်ခု ပဲ။"

ယန်ယဲ့သည် အချိန်တော်တော်ကြာထိ
တွေးတောနေပြီးနောက် ခေါင်းယမ်းကာ
တဟားဟား ရယ်မောလိုက်ပါသည်။
ထို့နောက်တွင် တက်၍ တွေးမနေတော့ဘဲ
မူလစေတီထဲကနေ ထွက်ခွာလိုက်၏။

"ယန်ယဲ့! နောက်ဆုံးတော့ နင်ပြန်လာပြီ!"
ရွှေနဂါးကြီးပေါ်တွင် ယန်ယဲ့
ပြန်ပေါ်လာသောအခါ
စိုးရိမ်စိတ်များအပြည့်နှင့် လုကျန်းယောင်
၏မျက်နှာကို မြင်လိုက်ရလေသည်။

လုကျန်းယောင် က အလျင်စလိုပြောလာ၏။

"ထားလိုက်၊ ဘာမှရှင်းပြမနေနဲ့။ ငါတို့မှာ အခုအချိန်မရှိဘူး။ မြန်မြန်!

တောင်ပိုင်းနယ်မြေကို မြန်မြန်ပြန်ရအောင်။ အခုလေးတင် အဖေက ငါ့ကို သတင်းပို့လိုက်တယ်။

မူလကျောင်းတော်၊ ဝိညာဉ်တစ္ဆေဂိုဏ်း၊ ပန်းနန်းတော် နဲ့ လသူတော်စင်ဂိုဏ်း တို့ ပူးပေါင်းပြီးတော့ ဆေဘာဓားဂိုဏ်း ကို ရုတ်တရက်ကြီး တိုက်ခိုက်ခဲ့တယ်။

ကြည့်ရတာ ဆေဘာဓားဂိုဏ်း က အခုအချိန်မှာ ဆက်ပြီးတောင့်မခံနိုင်လောက်တော့ဘူးထင်တယ်။"

ဤစကားကိုကြားသောအခါ ယန်ယွဲ့၏မျက်နှာပေါ်၌ ရက်စက်ကြမ်းကြုတ်သောအမူအရာတစ်ခု ချက်ချင်းထွက်ပေါ်လာသည်။

၆၀၀

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၀၀ – အဆုံးအစွန်ထိ ကူညီခြင်း

တောင်ပိုင်းနယ်မြေ။

ဤအခိုက်အတန့်တွင် ဆေဘာဓားဂိုဏ်းကို မူလကျောင်းတော်၊ ဝိညာဉ်တစ္ဆေဂိုဏ်း၊ ပန်းနန်းတော်နှင့် လသူတော်စင်ဂိုဏ်း ၏ တပ်ဖွဲ့များက ဝန်းရံထားကြသည်။

မဟာချင်အင်ပါယာ နှင့်
အမှောင်မှော်သားရဲအင်ပါယာ
၏အကူအညီကြောင့်သာမဟုတ်လျှင်
ဆေဘာဓားဂိုဏ်းက ယခုအချိန်တွင်
သိမ်းပိုက်ခံနေရလောက်ပြီဖြစ်သည်။

ကောင်းကင်ထက်၌။

မူလကျောင်းတော် ၏ကျောင်းအုပ် ယွမ်ထျန်း၊
ပန်းနန်းတော် မှ အကြီးအကဲ (၃)ဦး၊
ဝိညာဉ်တစ္ဆေဂိုဏ်းသခင် နှင့်

လသူတော်စင်ဂိုဏ်း ၏ လသူတော်စင် တို့ အစဉ်လိုက်ရပ်နေကြသည်။

ယွမ်ထျန်း က ရုတ်တရက် မေးလေသည်။ "အကြီးအကဲ ချန်း! ယန်ယဲ့က ကျိန်းသေသေမယ်ဆိုတာ သေချာရဲ့လား"

ချန်းဟွာဂူ က မျက်နှာထက်တွင် မှုန်ကုပ်ကုပ်အမူအရာ နှင့် "သူက သေရမှာပဲလေ။ ဘယ်လိုမှကို အသက်မရှင်နိုင်ဘူး။ လူသားကောရာဇ် က

သူ့ကို သတ်ဖို့ အဆင့် ၉
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် အယောက်
(၂၀)ကျော် ကို ဆင့်ခေါ် ခဲ့တာ။

ဒါ့အပြင် မြင့်မြတ်သောဟန်အင်ပါယာ က
အဆင့် ၉ သိုင်းကျောင်း (၂)ဦးတောင် ထပ်ပြီး
စေလွှတ်ခဲ့တယ်။

ဒါကြောင့် ရှောင်တန်းဂျီ နဲ့ နတ်မိစ္ဆာကျောင်း
နှစ်ယောက်ပေါင်းပြီး ကယ်တင်ဖို့
ကြိုးစားရင်တောင် ဒီကောင်လေးကို
ကာကွယ်ဖို့ မဖြစ်နိုင်ဘူး!”

“ဟီးဟီး….” ဝိညာဥ်တစ္ဆေဘုရင်က မှုန်ကုပ်ကုပ်ရယ်ပြီး “ဘာတွေ လွန်ကဲနေတာလဲ။ အဆင့် ၉ သိုင်းကျောင်း (၂)ယောက်။ ကြည့်ရတာ ယန်ယဲ့ က မြင့်မြတ်သောဟန်အင်ပါယာ ကိုပါ ခြိမ်းခြောက်နေပြီထင်တယ်။

ဒီလိုမှမဟုတ်ရင် မြင့်မြတ်သောဟန်အင်ပါယာက သူ့ကိုသတ်ဖို့ အဆင့် ၉ သိုင်းကျောင်း (၂)ယောက်ကို စေလွှတ်ပြီး နတ်မိစ္ဆာကျောင်း ကို စော်ကားဖို့မဖြစ်နိုင်ဘူး။"

"မြင့်မြတ်သောဟန်အင်ပါယာက
ဆောဘာဓားဂိုဏ်းရဲ့ တည်ထောင်သူဘိုးဘေးလို
နောက်ထပ်ပညာရှင်တစ်ယောက် ကမ္ဘာပေါ်မှာ
ပေါ်မလာစေချင်ဘူး။" ထိုစကားကို
ပြောလိုက်သူက လသူတော်စင်ဂိုဏ်း
၏ဂိုဏ်းသခင် ကွမ်ယဲ့ ဖြစ်သည်။

၎င်းသည် ယန်ယဲ့ နှင့်
မြင့်မြတ်သောဟန်အင်ပါယာ ကြားက
ပဋိပက္ခရန်ငြိုးများတွင် မပါဝင်ချင်ခဲ့ပေ။
သို့သော် မြင့်မြတ်သောဟန်အင်ပါယာ ကဲ့သို့
ရှေးဟောင်းအင်ပါယာကြီးတစ်ခု နှင့်

ရင်ဆိုင်ရာတွင် လက်အောက်ခံရန်မှလွဲ၍ အခြားရွေးချယ်စရာမရှိပေ။

"ဟမ့်...။ မင်းတို့က လုပ်ချင်သလို လုပ်လို့ ရတယ် ထင်နေသလား?" ဤအခိုက်တွင် သားရဲကေရာဇ်က အထင်အမြင်သေးစွာ ပြောဆိုလိုက်သည်။

ချန်းဟွာဂူ က အေးစက်စွာ ရယ်မောပြီး “သားရဲကေရာဇ်၊ ငါတို့နှစ်ဖက်စလုံးမှာရှိတဲ့ သိုင်းကေရာဇ် တွေက

အရေအတွက်ချင်းအတူတူပဲ။ ဒါပေမဲ့
ငါတို့ဂိုဏ်း ၄ ခုရဲ့ပူးပေါင်းတပ်ဖွဲ့တွေက
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်နဲ့ယှဉ်ရင်
နင့်ရဲ့အမှောင်မှော်သားရဲအင်ပါယာကို
ကျော်သွားပြီနော်။

ဒီတော့ နင်တို့နှစ်ယောက်လုံးက
မဟာချင်အင်ပါယာ နဲ့
အမှောင်မှော်သားရဲအင်ပါယာ
ရဲ့ထိပ်သီးပညာရှင်တွေကို  စေလွှတ်ဖို့
ဆန္ဒမရှိရင် ဆေဘာဓားဂိုဏ်းက ဒီနေ့ကျိန်းသေ
ပျက်စီးသွားလိမ့်မယ်!"

"ဆေဘာဓားဂိုဏ်းအတွက်နဲ့ သူတို့ရဲ့
ထိပ်သီးပညာရှင်တွေ အားလုံးကို စေလွှတ်မှာ
မဟုတ်ဘူး!" ဝိညာဉ်တစ္ဆေဘုရင်က
ရယ်မောလိုက်သည်။ "ယန်ယွဲ့
အသက်ရှင်နေသေးပြီး ကမ္ဘာ့ပေါ်တယ်
ကိုရခဲ့မယ်ဆိုရင် ဆေဘာဓားဂိုဏ်းကို
ကာကွယ်ဖို့ သူတို့နှစ်ယောက်လုံး
ဘာမဆိုလုပ်မှာ သေချာတယ်။

ကံမကောင်းစွာပဲ၊ ယန်ယွဲ့ က
သေဆုံးသွားပြီလေ။ ဒီတော့ ဆေဘာဓားဂိုဏ်း
ကို ဆက်ပြီးကူညီနေတော့
သူတို့အတွက်အကျိုးရှိမှာ မဟုတ်ဘူး။

ဒါကြောင့် ဆေဘာဓားဂိုဏ်း ကို ကာကွယ်ဖို့
သူတို့ရဲ့အင်အားကို အဆုံးရှုံးခံမယ်မထင်ဘူး။"

သားရဲကေရာဇ်နှင့်
တည်ထောင်သူကေရာဇ်တို့လည်း ခဏတာ
တိတ်ဆိတ်ငြိမ်သက်သွားကြသည်။

ဤမြင်ကွင်းကို မြင်သောအခါ ယွမ်ထျန်း နှင့်
ကျန်လူများက အေးစက်စက်
ရယ်မောလိုက်ကြလေသည်။

ရုတ်တရက် သားရဲကေရာဇ် က လက်ကို ဆန့်ထုတ်ပြီး ဝှေ့ယမ်းလိုက်သည်။

တစ်ချိန်တည်းတွင် အမိန့်ပေးစကားသံနှင့်အတူ သတင်းပို့အဆောင်တစ်ခုကို လေထဲသို့ ပစ်လွှတ်လိုက်လေသည်။

သားရဲကေရာဇ် ၏အမိန့်ပေးသံက ပွဲတင်ထပ်သွားလေသည်။

"မဟာတောင်တန်းတွေမှာရှိတဲ့ ချီးမြှောက်ခြင်းနယ်ပယ်အဆင့် အမှောင်မှော်သားရဲတွေ အကုန်လုံး ဆေဘာဓားဂိုဏ်း ကို

အမြန်ဆုံးအရောက်လာရမယ်။ ငါ့အမိန့်ကို မနာခံတဲ့သူတွေ သေဒဏ်!"

ယွမ်ထျန်း နှင့် အခြားလူများ ၏မျက်နှာပေါ် ရှိ အမူအရာများလည်း ရုတ်ချည်းပင် ပြောင်းလဲသွားကြသည်။

သားရဲကေရာဇ် က အမှန်ပင် ပြတ်သားပြီး ဆေဘာဓားဂိုဏ်း ကို အဆုံးအစွန်ထိ ကာကွယ်လိမ့်မည်ဟု မမျှော်လင့်ထားခဲ့ကြပေ။

တည်ထောင်သူကေရာဇ် က သားရဲကေရာဇ်ကို အကြာကြီး တစ်ချက်ကြည့်လိုက်ပြီး သူ၏ညာလက်ကို ဝှေ့ယမ်းပြီးနောက် မဟာချင်အင်ပါယာဆီသို့ အမိန့်ပေးသံပို့လွှတ်လိုက်သည်။

တစ်ချိန်တည်းမှာပင် တည်ထောင်သူကေရာဇ်၏အသံက မဟာချင်အင်ပါယာ အထက်ကောင်းကင်တစ်ခုလုံးကို ဖုံးလွှမ်းသွားသည်။

"ချီးမြှောက်ခြင်းနယ်ပယ်မှာရှိတဲ့ မဟာချင်အင်ပါယာ ရဲ့ စစ်သည်၊အရာရှိတွေအားလုံး

အခုလုပ်နေသမျှအရာတွေကို ဘေးဖယ်ပြီး
ဆေဘာဓားဂိုဏ်း ကို ချက်ချင်းလာခဲ့ကြ။
တကယ်လို့ ငါ့အမိန့်ကို မနာခံရင် အဲဒီလူကို
သူ့ရဲ့မျိုးဆက် (၉) ဆက်တိုင်
သေဒဏ်ပေးခံရမယ်။"

"ကောင်းတယ်! အရမ်းကောင်းတယ်!"
ချန်းဟွာဂူ ၏မျက်နှာက ဒေါသကြောင့်
နီရဲနေပြီး အေးတိအေးစက် ပြောလေသည်။
"သားရဲကေရာဇ် နဲ့ တည်ထောင်သူကေရာဇ်!
နင်တို့နှစ်ယောက်လုံး
သက်ဆိုင်ရာတပ်ဖွဲ့တွေကို

သေတွင်းထဲပို့နေမှတော့ နင်တို့ရဲ့ဆန္ဒကို ငါတို့ဖြည့်ဆည်းပေးမယ်။”

ချန်းဟွာဂူ ၏စကားဆုံးသည်နှင့် စီတူဟိုင် က ဆေဘာစားဂိုဏ်း အထက်တွင် ပေါ်လာပြီး သူ့နောက်တွင် ဝိညာဉ်နယ်ပယ်အလွှာအဆင့် ကျွမ်းကျင်သူ (၁၀,၀၀၀)ပါဝင်သော စစ်တပ်ကြီးရှိနေလေသည်။

ဝိညာဉ်ဖျက်စီးခြင်းစစ်တပ်.....။

တည်ထောင်သူ ဧကရာဇ်နှင့် သားရဲဧကရာဇ်

တို့ နှစ်ဦးစလုံး ဝိညာဉ်နယ်ပယ်အလွှာအဆင့်

ကျွမ်းကျင်သူ (၁၀,၀၀၀) ကို

မြင်လိုက်သောအခါ အနည်းငယ်

ပြောင်းလဲသွားသည်။

သာမန် ဝိညာဉ်နယ်ပယ်အလွှာအဆင့်

ကျွမ်းကျင်သူ (၁၀,၀၀၀) ဆိုလျှင်

ကြောက်လန့်နေမည်မဟုတ်ပါ။

သို့သော် ဤစစ်တပ်က သာမန်

ဝိညာဉ်နယ်ပယ်အလွှာအဆင့်

ကျွမ်းကျင်သူများ မဟုတ်ပေ။

၎င်းတို့အားလုံးက
မြင့်မြတ်သောဟန်အင်ပါယာ
၏အထူးလေ့ကျင့်ပေးထားသည့် စစ်သည်များ
ဖြစ်သည်။

လက်ရှိတွင်
စစ်သည်အင်အား(၁၀,၀၀၀)သာရှိနေသော်ငြား
၎င်းတို့၏ခွန်အားက
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် (၁၀၀)
နီးပါးနှင့် ယှဉ်နိုင်လေသည်။

..........

ဤအခိုက်အတန့်တွင်
ဆေးဘာမားဂိုဏ်းအထက် ကောင်းကင်ယံ၌
ရောမစွမ်းအင်လှိုင်းလုံးကြီးတစ်ခု
ပေါ်လာသည်။

ဝေါင်း!

တစ်ချိန်တည်းတွင် နဂါးဟိန်းသံ က
ကောင်းကင်ယံတွင် ကျယ်လောင်စွာ
ပဲ့တင်ထပ်လာ၏။ နဂါးဟိန်းသံနှင့်အတူ

ပျံ့လွင့်လာသည့် နဂါးဖိအားက

မရေမတွက်နိုင်သော တပည့်များ နှင့် အဆင့်နိမ့်

ကျွမ်းကျင်သူများ အားလုံးကို

ဒူးထောက်ကျလုနီးပါး ဖြစ်သွားစေခဲ့သည်။

၆၀၁

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၆၀၁ – ထင်မှတ်မထားသောအခြေအနေ

"နတ်ဘုရားသားရဲ့ရွှေနဂါး ။"

ဆေဘာဓားဂိုဏ်း ၏တပည့်များအားလုံး ပူးပေါင်းကာကွယ်နေသည်ကိုပင် ရပ်တန့်၍ ကောင်းကင်ထက် မှ ရောမ ရွှေနဂါးကြီးကို အံ့သြတုန်လှုပ်စွာမော့ကြည့်လိုက်ကြသည်။

"နတ်ဘုရားသားရဲ့မျိုးနွယ်(၄)ပါးထဲက ရွှေရောင်နဂါး။ အဲဒါက တောင်ပိုင်းနယ်မြေကို ဘာလို့ရောက်လာတာလဲ?"

ကောင်းကင်အထက်တစ်နေရာတွင်
ရပ်နေသည့် ယွမ်ထျန်း နှင့် လူတိုင်း
၏အမူအရာသည်လည်းသိသိသာသာ
ပြောင်းလဲသွားကြလေသည်။

အထူးသဖြင့် ချန်းဟွာဂူ ၏မျက်နှာက
အတော်လေးကို ကြည့်ရဆိုးနေလေသည်။

ဤအခိုက်တွင် ချန်းဟွာဂူ ၏မျက်နှာထက်၌
မယုံကြည်နိုင်မှုများ၊
တုန်လှုပ်ချောက်ချားမှုများပေါ်လာသည်။

အဘယ်ကြောင့်ဆိုသော် ရွှေနဂါးကြီး
၏ကျောပေါ်မှ စီးနင်းလာသူကို
သတိပြုမိသောကြောင့်ပင်။

ထိုလူက အခြားလူ မဟုတ်ပေ။
သူတော်စင်အကြွင်းအကျန်နယ်မြေတွင်
သေဆုံးသွားပြီဟုထင်နေကြသည့် ယန်ယဲ့
ပင်ဖြစ်သည်။

တည်ထောင်သူကေရာ်ဇ်နှင့် သားရဲကေရာ်ဇ်
နှစ်ဦးကတော့ အကြည့်ချင်းဖလှယ်ကာ
ပြုံးလိုက်ကြသည်။

အကြောင်းအရင်းမှာ ၎င်းတို့က မှန်ကန်သည့်
အလောင်းအစားတစ်ခုကို
လောင်းကြေးထပ်ထားသောကြောင့်ပင်။

ယန်ယဲ့ အသက်ရှင်နေသည်ဖြစ်ရာ
ကမ္ဘာ့ပေါ်တယ်က သူ့လက်ထဲတွင်
သေချာပေါက် ရှိနေမည်ဖြစ်သည်။

လော့ကျန်း သာ ကမ္ဘာ့ပေါ်တယ်ကို မရသရွေ့
တောင်ပိုင်းနယ်မြေ ကို သိမ်းပိုက်ရန်
လွယ်ကူမည်မဟုတ်ပေ။

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ? ဒါက ဘယ်လိုဖြစ်နိုင်မလဲ။ သူ ဘယ်လိုအသက်ရှင်နေနိုင်မှာလဲ!" ချန်းဟွာဂူ က မယုံကြည်နိုင်စွာ ရေရွတ်လိုက်သည်။

ယွမ်ထျန်း နှင့် အခြားသူများကလည်း ယန်ယဲ့ မသေသေးဘဲ အသက်ရှင်လျက်ပြန်ရောက်လာသည်ကို မြင်တွေ့ပြီး စီတူဟိုင် ကို စူးစူးစိုက်စိုက်ကြည့်နေကြပါသည်။ ၎င်းတို့ စိတ်ထဲတွင်လည်း အံ့အားသင့်စွာရေရွတ်နေကြလေသည်။

"သောက်ကျိုးနည်း! အဆင့် ၉
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် အယောက်
(၂၀)ကျော်တောင် ဒီယန်ယဲ့ကို သတ်ဖို့
မလုံလောက်သေးဘူးလား?"

ဤအခိုက်အတန့်တွင်
အာကာသဟင်းလင်းပြင်ထဲမှ
စွမ်းအင်အတက်အကျလှိုင်းတစ်ခုပေါ်လာပြီး
သတင်းပို့အဆောင်တစ်ခု စီတူဟိုင်
၏လက်ထဲသို့ရောက်လာသည်။

သတင်းပို့အဆောင်ကို လက်ခံယူကာ
စစ်ဆေးပြီးနောက် စီတူဟိုင် ၏မျက်နှာက
ကွက်ခနဲပျက်သွားခဲ့သည်။

ယွမ်ထျန်း အပါအဝင် ကျန်လူအားလုံးလည်း
စီတူဟိုင် ၏အမူအရာ တဖြည်းဖြည်းနှင့် ပို၍
ဆိုးရွားလာသည်ကို သတိပြုမိလိုက်ကြသည်။

အဆုံးမှာတွင်တော့ စီတူဟိုင်
၏မျက်နှာထက်တွင် ကြောက်လန့်စိတ်များ
ထင်ရှားစွာ ပေါ်လာလေသည်။

ယွမ်ထျန်း နှင့် အခြားလူများလည်း ဤအခြေအနေ ကို မြင်သောအခါ နှလုံးသားများ နစ်မြုပ်သွားကြသည်။

အချိန်အနည်းငယ်ကြာပြီးနောက်တွင် စီတူဟိုင်က ယွမ်ထျန်း တို့အုပ်စုဖက်သို့လှည့်ကာ လေးလံသော အသံဖြင့် ပြောလိုက်သည်။

"ယန်ယဲ့ က ချီးမြှောက်ခြင်းနယ်ပယ် ကို ရောက်သွားပြီ။ အဆင့် ၉ ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် အယောက် (၂၀) နဲ့ ပူးပေါင်းတိုက်ခိုက်မှုကတွေက ယန်ယဲ့ ရဲ့

"ဓားနယ်မြေ" ကြောင့်

အကုန်ပျက်စီးလုနီးပါးဖြစ်သွားတယ်။

ဒါ့အပြင် အရေးကြီးဆုံးက ယန်ယဲ့ မှာ

သူတော်စင်တစ်ပိုင်းအဆင့် ဆရာ ရှိတယ်။

ဒီနေ့ကစပြီး ငါ့မြင့်မြတ်သောဟန်အင်ပါယာ ရဲ့

သိုင်းကျောင်း တွေအားလုံး ယန်ယဲ့

ကိုမတိုက်ခိုက်ရဘူးလို့တားမြစ်လိုက်တယ်။

ပြီးတော့ တိုက်ကြီးတစ်ခုလုံးရဲ့ဘယ်

သိုင်းကျောင်း မှ ယန်ယဲ့ ကို

တိုက်ခိုက်ခြင်းမပြုဖို့ တားမြစ်ထားတယ်။”

"ဘာ? သူတော်စင်တစ်ပိုင်းအဆင့် ?"
ဤအခိုက်အတန့်တွင် လူတိုင်း
၏မျက်နှာများက
ထိတ်လန့်တကြားအမူအရာများ
ဖုံးလွှမ်းသွားကြလေသည်။
တည်ထောင်သူကေရာ၆် နှင့် သားရဲကေရာ၆်
ပင်လျှင် မျက်နှာထက်၌
မယုံနိုင်သောအမူအရာများနှင့်
ထိတ်လန့်ဟန်များ ထင်ရှားစွာ ပေါ်လွင်နေ၏။

"သူတော်စင်တစ်ပိုင်းအဆင့် ဟူသည်ကား
မည်သည့်အရာနည်း?"

သူတော်စင်တစ်ပိုင်းအဆင့် က သူတော်စင်များ မရှိသည့် ဤတိုက်ကြီးတွင် အထွတ်အမြတ်တည်ရှိမှုများဖြစ်သည်။

ယန်ယဲ့ ၏ဆရာ သူတော်စင်တစ်ပိုင်းအဆင့် ပညာရှင် ဟူသော စကားက မည်သည်ကို ဆိုလိုသနည်း?

မြင့်မြတ်သောဟန်အင်ပါယာပင် လျှင် သိုင်းကျောင်း များကို စေလွှတ်၍ ယန်ယဲ့ ကို တိုက်ခိုက်ဝံ့ခြင်းမရှိကြောင်း သိသာနေပေသည်။

"ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ? ဒါက ဘယ်လိုဖြစ်နိုင်မှာလဲ?" ချန်းဟွာဂူ ၏မျက်နှာက တဆတ်ဆတ် ဖြူဖျော့နေသည်။

ဤအခိုက်တွင် သူမက အလွန်အမင်း ဝမ်းနည်းကြေကွဲမှုများစွာနှင့် ပြည့်နှက်နေပါသည်။

အကယ်၍ ယန်ယွဲ့ ၏အမေဖြစ်သူကို သေဒဏ်မပေးဘဲ ယန်ယွဲ့ကို ပန်းနန်းတော် ၏ဆက်ခံသူအဖြစ်သတ်မှတ်လိုက်လျှင် ပန်းနန်းတော် က မူလကျောင်းတော် ထက် ချက်ချင်း ကျော်လွန်သွားမည်ဖြစ်သည်။

ထိုအချိန်တွင် ပန်းနန်းတော် ကို
တောင်ပိုင်းနယ်မြေ ကနေ ဗဟိုနယ်မြေသို့
ပြောင်းရွှေ့ရန်ပင် ခက်ခဲနိုင်မည်မဟုတ်ပေ။
အကြောင်းအရင်း က ဤကမ္ဘာပေါ်တွင်
သူတော်စင်တစ်ပိုင်းအဆင့် ကို စော်ကားဝံ့သည့်
အင်အားစု မရှိသောကြောင့်ပင်။

သို့သော် ယခုအချိန်တွင်မူ ပန်းနန်းတော်က
သူတော်စင်တစ်ပိုင်းအဆင့် ၏ဒေါသကို
ရင်ဆိုင်ရဖွယ်ရှိသည်။

ပန်းနန်းတော် ၏တည်ထောင်သူဘိုးဘေး သာ

ပြန်မလာခဲ့ပါက သူတော်စင်တစ်ပိုင်းအဆင့် ကို

မည်ကဲ့သို့ ခုခံနိုင်ပါမည်နည်း?

မြင့်မြတ်သောဟန်အင်ပါယာ တွင်

သူတော်စင်တစ်ပိုင်းအဆင့်

ကာကွယ်စောင့်ရှောက်သူ ရှိနေသော်ငြား

ပန်းနန်းတော် ကို ကူညီရန်

၎င်းတို့၏ကာကွယ်စောင့်ရှောက်သူကို

စေလွှတ်ပါမည်လော?

အဖြေက လုံးဝကို မဖြစ်နိုင်ပေ။

"ဒီလိုတော့ကော ယန်ယဲ့
မသေသေးဘူးဆိုတောင် ဘာဖြစ်လဲ? "
တစ်ချိန်တည်းမှာပဲ ယွမ်ထျန်း က
ပြောလိုက်သည်။ "ဘာပဲဖြစ်ဖြစ် ငါတို့ ဒီနေ့
ဆေးဘာဏ်ဆးဂိုဏ်း ကို သေချာပေါက်
ဖျက်ဆီးရမယ်!"

စီတူဟိုင် ကလည်း
ခေါင်းညိတ်ပြီးပြောလိုက်သည်။ " ယန်ယဲ့က
ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင်
ဖြစ်နေရင်တောင် နောက်ဆုံးမှာ
သူတစ်ယောက်တည်းပဲလေ။ ထောင်ချီတဲ့

ဝိညာဉ်နယ်ပယ်အလွှာအဆင့်

ကျွမ်းကျင်သူတွေနဲ့

ချီးမြှောက်ခြင်းနယ်ပယ်ပညာရှင် (၁၀၀၀)

နီးပါးရဲ့ပူးပေါင်းတိုက်ခိုက်မှုကို ခုခံဖို့ဆိုတာ

မဖြစ်နိုင်ဘူး။

ဒါကြောင့် မင်းတို့သက်ဆိုင်ရာဂိုဏ်းတွေရဲ့

အင်အားကို ဆက်ပြီး ထိန်းထားနေရင်

မင်းတို့ရဲ့တပ်ဖွဲ့တွေအကုန်ဒီမှာပဲသေသွားလိမ့်မ

ယ်!”

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၀၂ – ဂိုဏ်းစောင့်မဟာဝက်ပါ ပြိုကျခြင်း

ချန်းဟွာဂူ က အေးစက်စက်ပြောလိုက်ရင်း လေထဲတွင် ပန်းပွင့်ကြီးတစ်ပွင့်ဖြစ်ပေါ်လာပြီး ပန်းနန်းတော် တည်ရှိရာ ပန်းတောင်တန်း သို့ ဦးတည်ပျံသွား၏။

ထို့နောက်တွင် ပန်းပွင့်ကြီးကနေ ပြင်းထန်စူးရှသည့်အသံလှိုင်းက တဟုန်ထိုး ပျံ့နှံ့သွားခဲ့သည်။

“ပန်းနန်းတော်ရဲ့တပည့်တွေ ဆေဘာဓားဂိုဏ်းဆီကိုလာခဲ့ကြ။ ဒီအမိန့်ကို မနာခံတဲ့သူတိုင်း သေဒဏ်ပေးခံရမယ်။”

ဝိညာဉ်တစ္ဆေဘုရင် ကလည်း ချက်ချင်းဆိုသလို ဝိညာဉ်တစ္ဆေဂိုဏ်း ထံသို့ သတင်းစကားပို့လွှတ်လိုက်သည်။

မူလကျောင်းတော် ၏ကျောင်းအုပ် ယွမ်ထျန်း
တစ်ယောက်တည်းသာလျှင် အနည်းငယ်
ချီတုံချတုံ ဖြစ်နေသည်။

ထိုအချိန်တွင် စီတူဟိုင် က ယွမ်ထျန်း ကို
အေးစက်စက်အကြည့်တစ်ချက်
ပို့လွှတ်လိုက်ကာ "အစ်ကိုယွမ်! ဘာပဲဖြစ်ဖြစ်
လူသားဧကရာဇ် က ဆေဘာဓားဂိုဏ်း ကို
မရရအောင်ဖျက်ဆီးရမယ်လို့အမိန့်ပေးထားတ
ယ်။ ငါတို့က ယန်ယွဲ့ နဲ့ရင်းနှီးတဲ့သူတွေကို
ဖမ်းနိုင်ရင်အကောင်းဆုံးပဲ။

ဒီလောက်အရေးကြီးတဲ့ အခိုက်အတန့်မှာ မင်းရဲ့မူလကျောင်းတော်က နောက်ပြန်ဆုတ်မှာတော့မဟုတ်လောက်ပါဘူး နော်။ ဟုတ်တယ်မလား?"

ယွမ်ထျန်း ၏အမူအရာ က အနည်းငယ်ပြောင်းလဲသွားပြီး "မဟုတ်ဘူး!" ထိုစကား ပြောပြီးသည်နှင့် လက်ကိုဝှေ့ယမ်းကာ သတင်းပို့အဆောင်ကိုထုတ်လွှင့်ပြီး မူလကျောင်းတော် ၏တပည့်အားလုံးကို ချက်ချင်း ဆင့်ခေါ်လိုက်ပါတော့သည်။

လသူတော်စင် ကွမ်ယှဲ့ သည်လည်း
ရွေးချယ်စရာမရှိသဖြင့် အံကြိတ်ကာ
လသူတော်စင်ဂိုဏ်း ၏တပည့်အားလုံးကို
ဆေဘာဓားဂိုဏ်း သို့လာရောက်ရန် ချက်ချင်း
သတင်းပို့၍ ဆင့်ခေါ်လိုက်သည်။

ဤအချိန်တွင် သားရဲကေရာ၆ က ရုတ်တရက်
အနက်ရောင်အမိန့်တံဆိပ်ပြားကို ထုတ်ကာ
မဟာတောင်တန်း ရှိရာဖက်သို့
ဦးတည်ပစ်လွှတ်လိုက်၏။

"သိုင်းဘုရင်အဆင့်တွေ နဲ့ သိုင်းဘုရင်အဆင့်ရဲ့ အထက်မှာရှိနေတဲ့ အမှောင်မှော်သားရဲတွေ အားလုံး ဆေဘာဓားဂိုဏ်း ဆီလာဖို့ ဒီကေရာဇ်က အမိန့်ပေးတယ်။"

အနက်ရောင်အမိန့်တံဆိပ်ပြားနှင့် သတင်းစကားကို ပို့လွှတ်ပြီးနောက်တွင် သားရဲကေရာဇ် က ရယ်မောလိုက်သည်။

“ဆေဘာဓားဂိုဏ်းက ငါ့ရဲ့ မဟာတောင်တန်းရှေ့မှာ ရှိတာဆိုတော့ ငါ့အမှောင်မှော်သားရဲအင်ပါယာစစ်တပ်က မကြာခင် ရောက်လာတော့မယ်။

မင်းတို့အားလုံး ဆေဘာဓားဂိုဏ်းကို
ဘယ်လိုဖျက်ဆီးကြမလဲ ကြည့်ရအောင်။”

ထိုအချိန်တွင် တည်ထောင်သူကေရာဇ် ၏
အမိန့်ပေးအသံလှိုင်းက မဟာချင်အင်ပါယာ
၏အထက်ကောင်းသို့ လွှမ်းခြုံသွားသည်။

တည်ထောင်သူကေရာဇ်
၏ခန့်ညားထည်ဝါသောအသံက
မဟာချင်အင်ပါယာ တစ်ခုလုံးသို့
ပြန့်နှံ့သွားပါတော့သည်။

သို့သော် တည်ထောင်သူကေရာဇ် က
မဟာချင်အင်ပါယာ ၏စစ်သည်အင်အား
မည်မျှပါဝင်ချီတက်လာမည်ကို
ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။

ဤအခြေအနေ နှစ်ရပ်ကို မြင်သောအခါ
စီတူပေါ်ပိုင် နှင့် အခြားသူများ
၏မျက်နှာအမူအရာက သိသိသာသာ
ပျက်ယွင်းသွားကြသည်။

အကယ်၍ မဟာချင်အင်ပါယာ နှင့်
အမှောင်မှော်သားရဲအင်ပါယာ အကူအညီကို

မရခဲ့လျှင် ယန်ယဲ့က
မည်မျှပင်အင်အားကြီးမားနေပါစေ
ဆေဘာဓားဂိုဏ်း ကို
ကာကွယ်နိုင်မည်မဟုတ်ပါ။

သို့သော် အင်ပါယာကြီးနှစ်ခုသာ ယန်ယဲ့ကို
ကူညီနေလျှင် ဝိညာဉ်ဖျက်ဆီးခြင်းစစ်သည်
(၁၀,၀၀၀)ရှိနေလျှင်ပင် ဆေဘာဓားဂိုဏ်း
ကိုဖျက်ဆီးရန် လွယ်မည်မဟုတ်ပေ။

ဝိညာဉ်ဖျက်ဆီးခြင်းစစ်တပ်ကြီးတစ်ခုလုံးရှိနေလျှင်တော့ အခြေအနေက တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်ပေသည်။

"အမှောင်မှော်သားရဲအင်ပါယာ နဲ့ မဟာချင်အင်ပါယာ က အနာဂတ်မှာ သေချာပေါက် ဖျက်ဆီးခံရမယ်။" စီတူဟိုင် က မှုန်ကုပ်ကုပ်အမူအရာ နှင့် အေးစက်စက် ပြောလိုက်သည်။

တည်ထောင်သူကျောဇ် နှင့် သားရဲကျောဇ် က လစ်လျူရှုကာ ပြုံးပြန်ပြောလိုက်ကြသည်။

"ကောင်းပြီ၊ ဒီလိုဆို ငါတို့စောင့်နေမယ်!"

အုန်း!

ဤအခိုက်အတန့်တွင်

ဝိညာဉ်ဖျက်ဆီးခြင်းစစ်သည် (၁၀,၀၀၀)

၏ပူးပေါင်းတိုက်ခိုက်မှုက ဆေဘာဓားဂိုဏ်း

၏ဂိုဏ်းစောင့်မဟာဝင်္ကပါကို

ပြိုကွဲကျသွားစေခဲ့လေသည်။

ထို့နောက် ရက်စက်သောအော်ရာများနှင့် ဝိညာဉ်ဖျက်ဆီးခြင်းစစ်သည်များက ကောင်းကင်တောင်ထိပ်ဆီသို့ တဟုန်ထိုး ပျံသန်းသွားလိုက်ကြသည်။

"ဟားဟား! ငါတို့ ဆေဘာဓားဂိုဏ်းကို အခုချက်ချင်း ဖျက်ဆီးနိုင်ပြီ။”
ဤအခြေအနေကို မြင်သောအခါတွင် စီတူဟိုင် က အေးစက်စွာရယ်မောလိုက်ပါလေသည်။

တည်ထောင်သူကောရာဇ် နှင့် သားရဲကောရာဇ်
တို့၏ မျက်နှာထက်၌ စိုးရိမ်ပူပန်သည့်
အရိပ်အယောင်များ ပေါ်လာသည်။

"အား! ငါတို့လက်နက်ချတယ်!
ငါတို့လက်နက်ချတယ်!"
ဝိညာဉ်ဖျက်ဆီးခြင်းစစ်သည်များ
ရက်စက်ကြမ်းကြုတ်စွာ
ဝင်ရောက်လာသည်ကို မြင်သောအခါ
ဟန်ယုနှင့် သူမ၏နောက်မှ တပည့်များအားလုံး
လက်နက်ချကြောင်း
အသံကုန်အော်ဟစ်လိုက်ကြသည်။

ဤအခိုက်အတန့်တွင်
ဝိညာဉ်ဖျက်ဆီးခြင်းစစ်သည် (၁၀,၀၀၀)၊
တစ်နည်း ဝိညာဉ်နယ်ပယ်အလွှာအဆင့်
ကျွမ်းကျင်သူ (၁၀,၀၀၀)ထံမှ
ထွက်ပေါ်လာသည့် သတ်ဖြတ်ခြင်းအော်ရာ ကို
ခံစားမိသောအခါ ၎င်းတို့အားလုံးခုခံရန်
ရည်ရွယ်ချက် အနည်းငယ်မျှပင်
မရှိကြတော့ချေ။

၆၀၃

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

မူရင်းရေးသားသူ - Licensed Form

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၆၀၃ – သတ်ဖြတ်ခြင်း

စုချင်းရှီ၊ ရှောင်ယုရှီ နှင့် ယောင်အ်အာလေး တို့၏အကြည့်များက စိုးရိမ်ပူပန်မှုများပြည့်နေချိန်တွင် ရွှေရောင်နဂါးကြီးကျောပေါ်မှ ရင်းနှီးနေသောတစ်စုံတစ်ယောက်ကို မြင်တွေ့လိုက်ကြလေသည်။

ယန်ယဲ့....။

မှန်ပေသည်၊ ၎င်းတို့ မြင်တွေ့ခဲ့သည့်
တစ်စုံတစ်ယောက်က အခြားလူမဟုတ်ပေ။
ဗဟိုနယ်မြေကနေ တောင်ပိုင်းနယ်မြေ သို့
အပြေးပြန်လာခဲ့သော ယန်ယဲ့ ပင်ဖြစ်သည်။

ဤအချိန်တွင် အမျိုးသမီး(၃)ဦးလုံးက ယန်ယဲ့
အသက်ရှင်နေသေးကြောင်း
အမှန်တကယ်မြင်တွေ့လိုက်မှသာ
စိတ်သက်သာရာရစွာဖြင့်
သက်ပြင်းချလိုက်နိုင်ကြသည်။

ဝိညာဉ်ဖျက်ဆီးခြင်းစစ်သည်များစွာ
ကောင်းကင်ခန်းမ ရှေ့သို့ ရောက်ခါနီးတွင်
ကောင်းကင်ထက်မှ ရွှေနဂါးကြီးက
ဒေါသတကြီး ဟိန်းလိုက်ကာ
ရောမတောင်ကြီးပြိုကျလာသကဲ့သို့
တိုက်ရိုက်ခုန်ဆင်းသွားသည်။

ဝိညာဉ်ဖျက်ဆီးခြင်းစစ်သည်များ အားလုံး
ထိတ်လန့်သွားပြီး နတ်လေးများကို
အလျင်အမြန် ထုတ်ကာ နတ်မြှား(၁၀,၀၀၀)ကို
ကောင်းကင်ပေါ်သို့ ပစ်လွှတ်လိုက်ကြသည်။

နတ်မြှား(၁၀,၀၀၀)က တရှိန်ရှိန်မြည်သံများနှင့်
လေထုကို ထိုးဖောက်လျက် ရွှေနဂါးကြီး ကို
ထိမှန်သည် ။

ထန်! ထန်! ဒင်!

သို့သော်လည်း၊ ရုတ်တရက်ပင်
ကြည်လင်လှသော သတ္တုမြည်သံများသာ
ပဲ့တင်ထပ်လာ၏။

သံမဏိချပ်ဝတ်ကိုပင် ဖောက်နိုင်သည့်
နတ်မြှားများက ရွှေနဂါးကြီး ကို ထိမှန်သည်နှင့်
အလယ်ကနေ ထက်ပိုင်း
ကျိုးထွက်သွားကြသည်။

ဤမမျှော်လင့်ထားသည့် မြင်ကွင်းကို
မြင်လိုက်သဖြင့် လူတိုင်း
အံ့အားသင့်သွားကြသည်။

အုန်း!

ထိုအချိန်တွင် ရောမရွှေနဂါးကြီးက
မြေပြင်ပေါ်သို့ ခုန်ဆင်းလာပြီး
ဝိညာဉ်ဖျက်ဆီးခြင်းစစ်သည် (၁၀,၀၀၀) ထဲသို့
တိုက်ရိုက် ထိုးဆင်းသွား၏။

တစ်ချိန်တည်းတွင် မရေမတွက်နိုင်သော
နာကျင်စွာအော်ဟစ်သံများ၊ ငြီးငြူသံများ၊
ရုန်းကန်နေသံများ ပဲ့တင်ထပ်ကာ
ဆေဘာဓားဂိုဏ်း
၏ကောင်းကင်တောင်ထိပ်တစ်ခုလုံးလည်း
အဆက်မပြတ်တုန်ခါသွားခဲ့လေသည်။

အလျင်အမြန်
ထွက်ပြေးလွတ်မြောက်ခဲ့သူများကလွဲ၍
ဤတိုက်ခိုက်မှုတစ်ခုတည်းဖြင့်
ဝိညာဉ်ဖျက်ဆီးခြင်းစစ်သည် (၆,၀၀၀)ကျော်
ချက်ချင်း အသတ်ခံလိုက်ရပါသည်။

“ဒါက နတ်ဘုရားသားရဲ့ရွှေနဂါးပဲ။
ခဏနေဦး။ အဲဒီ ရွှေနဂါးက ဒဏ္ဍာရီလာ
နတ်နဂါးချပ်ဝတ်တန်ဆာကို
ပိုင်ဆိုင်ထားတယ်။…

အဲဒါ ဘယ်လိုဖြစ်နိုင်မှာလဲ?

ဒီနဂါးက ယန်ယွဲ့ ကို ကာကွယ်ဖို့အတွက်နဲ့

ဘယ်လိုလုပ် နတ်နဂါးချပ်ဝတ်တန်ဆာ ကို

အသက်သွင်းနိုင်မှာလဲ?

နဂါးကလန် က ယန်ယွဲ့ဖက်မှာ

ရပ်တည်နေတာများလား?

ဘယ်လိုဖြစ်ရတာလဲ….” စီတူဟိုင် က

မယုံကြည်နိုင်စွာ ရေရွတ်လိုက်သည်။

တည်ထောင်သူကေရာဇ် နှင့် သားရဲကေရာဇ်

တို့၏ မျက်လုံးများတွင်လည်း

အံ့အားသင့်မှုများ ထင်ရှားစွာ
ပေါ်လွင်နေပေသည်။

၎င်းတို့လည်း နတ်ဘုရားသားရဲ ရွှေနဂါးကလန်
၏ ရွှေနဂါးတစ်ကောင်က ဒဏ္ဍာရီလာ
နတ်နဂါးချုပ်ဝတ်တန်ဆာ ကိုအသက်သွင်း၍
ယန်ယဲ့အား ကူညီနေလိမ့်မည်ဟု
မထင်ထားခဲ့ကြချေ။

ဝေါင်း!

ရောမရွှေနဂါးကြီးက ကျယ်လောင်စွာ
ဟိန်းလိုက်ပြီးနောက်
၎င်း၏နဂါးပါးစပ်ကြီးထဲကနေ ပြင်းထန်သည့်
နဂါးချီအလင်းတန်းများ ထွက်လာပြီး
အနီးနားရှိစစ်သည်အများအပြားကို ချက်ချင်း
ပေါက်ကွဲသွားစေသည်။

မသေဘဲ ကျန်နေသည့်
ဝိညာဉ်ဖျက်ဆီးခြင်းစစ်သည် (၄,၀၀၀) နီးပါးက
ဖြစ်ပျက်ခဲ့သည်များကို
အံ့သြသင့်ငေးကြောင်နေကာ ထွက်ပြေးရန်ပင်
မေ့လျော့နေကြလေသည်။